# MYANTRADE
# ဈေးကွက်သတင်းလွှာ

myantrade

အမှတ်စဉ် ၉/၂၀၂၄

## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- မကွေးဈေးကွက်၌ ပဲစင်းငုံအနီများ ဈေးနှုန်းအနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်
- ပခုက္ကူဈေးကွက်၌ ပဲတီစိမ်းအသေး(ခေါ်)ပဲနောက်သီးနှံများ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်

### နိုင်ငံတကာဈေးကွက်

- ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ဝယ်လိုအား ကျဆင်းလာမှုကြောင့် တင်သွင်းမှုကျဆင်းနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာနမှပြောကြား
- ဘာစမာတီဆန်၏အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းကိုဒေါ်လာ ၇၀၀ သို့လျှော့ချရန်အိန္ဒိယကုန်သည်များတောင်းဆို
- အရန်ထားရှိရန် ဆန်တန်ချိန် ၄၅၀၀၀၀ တောင်ကိုရီးယားအစိုးရ ဝယ်ယူမည်
- အင်ဒိုနီးရှားနိုင်ငံ၌ ပြည်တွင်းဈေးကွက်သို့ ရောင်းချပေးရမည့် စားအုန်းဆီပမာဏသတ်မှတ်ချက်လျှော့ချ
- မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်နည်းပါးမှု ပြန်လည်မြင့်တက်ဖွယ်ရှိ
- လာနီနာ(La Nina)ကြောင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း(Indonesian Palm Oil Association)က သတင်းထုတ်ပြန်
- ဗီယက်နမ်နိုင်ငံ၏ ပြောင်းတင်သွင်းမှုဈေးကွက်တွင် အာဂျင်တီးနားမှ ဦးဆောင်
- တရုတ်နိုင်ငံသည် ကမ္ဘာ့ကော်ဖီလုပ်ငန်းတွင် ထွန်းသစ်စကြယ်တစ်ပွင့်ဖြစ်လာ
- သီဟိုဠ်စေ့ကုန်ကြမ်း ဒုတိယအများဆုံးထုတ်လုပ်သည့်နိုင်ငံအဖြစ်သို့ ကမ္ဘောဒီးယားရောက်ရှိ
- ကမ္ဘာ့ရှစ်ခုမြောက် အကြီးမားဆုံးလက်ဖက်ခြောက်တင်ပို့သူ ဗီယက်နမ်နိုင်ငံဖြစ်လာ
- တောင်ကိုရီယားနိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်အများအပြားတင်သွင်း
- ဗီယက်နမ်နိုင်ငံ ဘန်ကျဲပြည်နယ်သည် အုန်းသီးတင်ပို့မှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရရှိ
- ရုရှားနိုင်ငံမှ ခေတ်ဆီတင်ပို့မှုတားမြစ်ချက်ကို ယခုနှစ်ကုန်အထိ သက်တမ်းတိုး
- အမေရိကန်စားသုံးသူများက သတိထား၍ငွေကြေးသုံးစွဲလာကြသဖြင့် စီးပွားရေးကျဆင်းမှု အလားအလာမြင့်တက်လာခဲ့
- ထိုင်းနိုင်ငံ၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက တရုတ်မှတင်သွင်းလာသော အလူမီနီယံချောင်းများအား စုံစမ်းစစ်ဆေး မှု ဆောင်ရွက်သွားရန်ရှိ
- နိုင်ငံခြားကုန်သွယ်မှုနေးကွေးနေချိန်တွင်ဂျာမန်စက်မှုလုပ်ငန်းများ၌ အော်ဒါများကျဆင်း
- အိန္ဒိယနိုင်ငံသည် သဘာဝရော်ဘာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပြီး ဈေးနှုန်းများမြင့်တက်လျက်ရှိ
- ထိုင်းနိုင်ငံ၊ Krungsri (Bank of Ayudhya PCL) က ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့နိုင်ရေးအတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပြောင်းလဲမှုချေးငွေကို ထုတ်ပြန်ကြေညာခဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ခွင့်ပြုပေးထားသည့် စားသုံးခွန် ကင်းလွတ်ခွင့်ကို ပြန်လည်ပြင်ဆင်သွားမည်
- အိန္ဒိယနိုင်ငံသည် နယူးဇီလန်မှ ကီဝီသီးတင်သွင်းခွန်ကို ၃၀ ရာခိုင်နှုန်းလျှော့ချ
- ရိုးရာဈေးကွက်များထံမှ မှာယူမှုများမြင့်တက်လာမှုကြောင့် ၂၀၂၄ ခုနှစ်၏ ပထမလများတွင် ဗီယက်နမ် နိုင်ငံ သစ်လုပ်ငန်း ပြန်လည်နာလန်ထူလာသည့်လက္ခဏာပြ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- မန္တလေးတိုင်းဒေသကြီးမှ ကန်စွန်းဥများကို ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအနှံ့တင်ပို့နေရပြီး ဝယ်လိုအားများနေ

**ပြည်ပကုန်သွယ်မှုသတင်း**

- နိုင်ငံခြားဝင်ငွေရရှိနေသည့် မြန်မာ့ငါးရှဉ့် မျိုးဆက်ပြတ်လပ်မှုမရှိစေရန်မွေးမြူနိုင်မည့်နည်းလမ်းများအား သုတေသနပြု

**အထူးဆောင်းပါးများ**

- နှောင့်နှေးလျက်ရှိသော လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်(FTA)ကို အပြီးသတ်ရန်နှင့် အဖွဲ့ဝင် နိုင်ငံအလိုက် ကုန်သွယ်ရေးဆိုင်ရာ ဦးစားပေးအချက်များကို ပြန်လည်သုံးသပ်အကဲဖြတ်ရန် အိန္ဒိယ စီးပွားကူးသန်းဝန်ကြီး ပြောကြား

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

# ပြည်တွင်းဈေးကွက်

## မကွေးဈေးကွက်၌ ပဲစင်းငုံအနီများ ဈေးနှုန်းအနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး၊ မကွေးဈေးကွက်သို့ မကွေးမြို့နယ်အတွင်းရှိကျေးရွာများနှင့် မင်းဘူးမြို့၊ မြို့သစ်မြို့၊ နတ်မောက် မြို့နယ်အတွင်းရှိ ကျေးရွာများမှစိုက်ပျိုးထွက်ရှိသော ပဲစင်းငုံအနီသီးနှံများ ဝင်ရောက်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

ဩဂုတ်လ၊ ဒုတိယပတ်တွင် ပဲစင်းငုံအနီ တစ်တင်းလျှင် ငွေကျပ် ၁၄၆,၀၀၀ ဖြင့် ၆၁၂ တင်း၊ တန်အားဖြင့် ၂၀ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဩဂုတ်လ၊ ပထမပတ်နှင့် ဒုတိယပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများ နှိုင်းယှဉ်ပါက ဩဂုတ်လ၊ ပထမပတ်၌ ပဲစင်းငုံအနီ တစ်တင်းလျှင် ငွေကျပ် ၁၄၀,၀၀၀ ဖြစ်ရာ ဩဂုတ်လ၊ ဒုတိယပတ်တွင် ပဲစင်းငုံအနီ တစ်တင်းလျှင် ငွေကျပ် ၆,၀၀၀ ပိုမိုရရှိပြီး အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/update-news-local-trade/

## ပခုက္ကူဈေးကွက်၌ ပဲတီစိမ်းအသေး(ခေါ်)ပဲနောက်သီးနှံများ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူဈေးကွက်သို့ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံများ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ပဲတီစိမ်းအသေး(ခေါ်)ပဲနောက်သီးနှံများ ဩဂုတ်လ၊ ပထမပတ်မှ စတင်၍ ဝင်ရောက် အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း၊ ပဲတီစိမ်းအသေး (ခေါ်) ပဲနောက်သီးနှံများကို တစ်နှစ်လျှင် နှစ်ရာသီ မိုးရာသီနှင့် ဆောင်းရာသီတို့ တွင်စိုက်ပျိုးကြပြီး ပခုက္ကူခရိုင်အတွင်း အများဆုံးစိုက်ပျိုးသည့် ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ထွက် ရှိသော ပဲတီစိမ်းအသေး (ခေါ်) ပဲနောက်သီးနှံများ အများဆုံးဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဩဂုတ်လ၊ ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းမှာ ပဲတီစိမ်းအသေး (ခေါ်) ပဲနောက်သီးနှံ တစ်တင်းလျှင် ငွေကျပ် ၇၆,၃၀၀-၇၅,၀၀၀ နှုန်းဖြင့် တစ်ရက်လျှင် ပိဿာချိန် ၃၀ ဝင် အိတ်ရေ ၃၀၀ မှ ၅၀၀ အထိ အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်း၊ ဩဂုတ်လ၊ ပထမပတ်နှင့် ဒုတိယပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ဩဂုတ်လ၊ ပထမပတ် တွင် ပဲတီစိမ်းအသေး (ခေါ်) ပဲနောက်သီးနှံ တစ်တင်းလျှင် ငွေကျပ် ၇၃,၅၀၀-၇၂,၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် ဩဂုတ်လ၊ ဒုတိယပတ်တွင် ပဲတီစိမ်းအသေး(ခေါ်) ပဲနောက် သီးနှံ တစ်တင်းလျှင် ငွေကျပ် ၂,၈၀၀ ခန့် ဈေးနှုန်း

အနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်း ဝယ်ယူစားသုံးမှုအပြင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း ဈေးကွက်မှသိရသည်။

Source:https://commerce.gov.mm/my/article/update-news-local-trade/

## နိုင်ငံတကာဈေးကွက်

### ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ဝယ်လိုအား ကျဆင်းလာမှုကြောင့် တင်သွင်းမှုကျဆင်းနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေး ဌာနမှပြောကြား

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ဝယ်ယူမှုသည် ၂၀၂၄ ခုနှစ်အတွင်း ကျဆင်းလာသည့်အတွက် တင်သွင်းမှုကျဆင်းနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနမှပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ဆန်ဝယ်ယူမှုနှေးကွေးလာခြင်းကြောင့် ၂၀၂၄ ခုနှစ်အတွက် မူလခန့်မှန်းခဲ့သည့် ဆန်တင်သွင်းမှုတန်ချိန် ၄ ဒသမ ၇ မက်ထရစ်တန်အစား ၄ ဒသမ ၆ မက်ထရစ်တန်သို့ လျှော့ချပြီး ခန့်မှန်းခဲ့ကြောင်း ဖော်ပြထားသည်။

သို့သော် ဖိလစ်ပိုင်နိုင်ငံသည် ဆန်တင်သွင်းသည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ဆန်တင်သွင်းမှုသည် စုစုပေါင်း ဆန်တင်သွင်းမှု၏ ၇၄ ရာခိုင်နှုန်းဖြင့် မက်ထရစ်တန်ချိန် ၁ ဒသမ ၈ သန်းထိရှိကြောင်း၊ ထိုင်းနိုင်ငံမှ ၃၅၈,၇၂၇ မက်ထရစ်တန်၊ ပါကစ္စတန်နိုင်ငံမှ ၁၅၄,၅၂၃ မက်ထရစ်တန်နှင့် မြန်မာနိုင်ငံမှ ၆၆,၆၄၀ မက်ထရစ်တန်ဖြင့် အသီးသီးရှိပြီး ကျန်ရှိသည့်ပမာဏမှာ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ကမ္ဘောဒီးယား၊ အီတလီနှင့် စပိန်တို့မှ တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုသည် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၃ ဒသမ ၈၂ သန်း တင်သွင်းခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၃ ဒသမ ၆ သန်းသို့ လျှော့ကျခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင်လည်း ၂၀၂၃ ခုနှစ်က တင်သွင်းမှုထက် ကျော်လွန်မည်မဟုတ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှခန့်မှန်းထားသည်။ ဖိလစ်ပိုင်နှင့်ဘရာဇီးလ်တို့၏ တင်သွင်းမှု လျှော့ကျခြင်းကြောင့် ကမ္ဘာ့ဆန်တင်သွင်းမှုပမာဏသည်လည်းလျှော့ကျနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာနမှ ခန့်မှန်းတွက်ချက်ထားကြောင်း၊ စပါးစိုက်ပျိုးသည့်နိုင်ငံများမှ အထွက်နှုန်းလျှော့ကျလာခြင်းကြောင့် ဆန်ထုတ်လုပ်ထွက်ရှိမှုသည်လည်း လျှော့ကျလာနိုင်ကြောင်းနှင့် ဗီယက်နမ်၊ မလေးရှား၊ မြန်မာနိုင်ငံတို့၏ အထွက်နှုန်းလျှော့နည်းလာခြင်းကလည်း ကမ္ဘာ့ဆန် ထုတ်လုပ်နိုင်မှု ပမာဏအား လျှော့ကျစေနိုင်ကြောင်း ဖော်ပြပါရှိသည်။

ပြည်တွင်း ဆန်ထုတ်လုပ်ရရှိမှုသည် ၂၀၂၃ ခုနှစ်က ထွက်ရှိခဲ့သည့် မက်ထရစ်တန်ချိန် ၁၂ ဒသမ ၃ သန်း နှင့် နှိုင်းယှဉ်မည်ဆိုပါက ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်နှုန်းထား လျှော့ချပေးခဲ့သော်ငြားလည်း ၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၁၂ ဒသမ ၇ သန်းထိ တိုးမြင့်ထွက်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ဖိလစ်ပိုင်နိုင်ငံ၏ စပါး (Unmilled rice) ထွက်ရှိမှုသည် ၂၀၂၃ ခုနှစ်၊ အလားတူ ကာလက မက်ထရစ်တန်ချိန် ၉ ဒသမ ၀၂၆ သန်း ဖြစ်သဖြင့် နှိုင်းယှဉ်မည်ဆိုပါ က ၅ ဒသမ ၅ ရာခိုင်နှုန်းခန့် ပမာဏလျှော့ကျ၍ မက်ထရစ်တန်ချိန် ၈ ဒသမ ၅၃ သန်းထိသာ ထွက်ရှိခဲ့ကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သည့်ကိန်းဂဏန်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်လက်ကျန်ပမာဏသည် မက်ထရစ်တန်ချိန် ၃ ဒသမ ၆ သန်းနှင့် စားသုံးမှုပမာဏသည် မက်ထရစ်တန်ချိန် ၁၇ ဒသမ ၃ သန်းဖြင့် ပြည်တွင်းဖူလုံမှုရှိနေမည်ဖြစ်ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာနမှ ပြောကြားခဲ့သည်။ ဗီယက်နမ်၊ ကင်ညာနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ လျှော့ကျခဲ့သည့် အချက်အလက်များအပေါ်အခြေခံ၍ ကမ္ဘာ့ဆန်စားသုံးမှု ပမာဏ သည်လည်း လျှော့ကျမည်ဖြစ်ကြောင်း ခန့်မှန်းပြောကြားခဲ့သည်။

ဈေးကွက်မတည်ငြိမ်မှုများကြောင့် ဆန်တင်ပို့နေသည့် အာရှနိုင်ငံများသည်၎င်းတို့၏ ဆန်ဈေးနှုန်း (ရည်ညွှန်းဈေးနှုန်း) များကို ကွာဟချက် (Price Range) အနည်းငယ်သာပေးထားကြကြောင်းနှင့် ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးနှုန်းမှာ မက်ထရစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၆ ရှိရာမှ ၇ ဒေါ်လာ မြင့်တက်ခဲ့ကြောင်း၊ အလားတူ ထိုင်းနိုင်ငံသည်လည်း အမေရိကန် ဒေါ်လာ ၅၇၃ မှ ၂ ဒေါ်လာ မြင့်တက်ခဲ့ကြောင်းနှင့် ဖိလစ်ပိုင်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ အကန့်အသတ်မျှသာ ဝယ်ယူမှု ရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် ပါကစ္စတန်နိုင်ငံ၏ ဆန်ဈေးနှုန်းမှာ ဝယ်လိုအားကျဆင်းလာမှုကြောင့် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၅ ရှိရာမှ ၃၃ ဒေါ်လာကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ဆန်တန်ချိန်စုစုပေါင်း မက်ထရစ်တန် ၃ ဒသမ ၆ သန်းကျော် တင်သွင်းခဲ့ပြီး မြန်မာနိုင်ငံမှ တတိယတင်သွင်းမှုအများဆုံးနိုင်ငံအဖြစ် မက်ထရစ်တန်ချိန် ၁၅၁,၁၈၃ တန် တင်သွင်းခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၈ ရက် နေ့စွဲပါ ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ စုစုပေါင်း ဆန်မက်ထရစ်တန်ချိန် ၂ ဒသမ ၅ သန်းကျော်ထိ တင်သွင်းခဲ့ပြီးဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံမှ မက်ထရစ်တန်ချိန် ၆၆,၆၄၀ တင်သွင်းခဲ့၍ စတုတ္ထနေရာတွင် ရပ်တည်လျက်ရှိသည်။ ဗီယက်နမ်မှ တန်ချိန် ၁ ဒသမ ၉ သန်းကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၃

သိန်းကျော်၊ ပါကစ္စတန်နိုင်ငံမှ တန်ချိန်တစ်သိန်းခွဲကျော်တို့ တင်သွင်းခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယနေရာတို့တွင် အသီးသီး ရပ်တည်လျက်ရှိသည်။

အစိုးရမှ ပြည်တွင်းဆန်ဈေးနှုန်း မြင့်တက်နေခြင်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းကို လျှော့ချနိုင်စေရန် ဆန်တင်သွင်းမှု အပေါ်ကောက်ခံသည့် အခွန်နှုန်းထားလျှော့ချပေးခြင်းကို ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင်နိုင်ငံသားများ သင့်တော်သော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်စေရန်အတွက် ဆန်တစ်ကီလိုလျှင် ၂၉ ပီဆို (သုည ဒသမ ၅၀ အမေရိကန်ဒေါ်လာ)ဖြင့် ရောင်းချပေးသည့် အစီအစဉ်အား ပြီးခဲ့သည့် ဇူလိုင်လက ဆောင်ရွက်ပေးခဲ့ခြင်းမှာ အောင်မြင်သဖြင့် ယခုထပ်မံ၍ Rice for All Program အား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆန်တင်သွင်းသူများနှင့် ဆန်ကုန်သည်များထံမှ ဆန်များကို တစ်ကီလိုလျှင် ၄၅ ပီဆို (သုည ဒသမ ၇၈ အမေရိကန်ဒေါ်လာ)ဖြင့် လူတစ်ဦးလျှင် တစ်ရက်ဆန် ၂၅ ကီလို ကန့်သတ်၍ သတ်မှတ်ထားသည့် နေရာများတွင် အပတ်စဉ် ကြာသပတေး၊ သောကြာနှင့် စနေနေ့များ၌ ရောင်းချပေးသွားမည်ဖြစ်သည်။

Source: [https://www.manilatimes.net/2024/08/14/business/top-business/usda-lowers-rice-import-forecast-as-purchases-slow/1964069](https://www.manilatimes.net/2024/08/14/business/top-business/usda-lowers-rice-import-forecast-as-purchases-slow/1964069) , (စီးပွားရေးသံမှူး၊ ဖိလစ်ပိုင်မြို့)

Source: [https://myantrade.gov.mm/article/Naypyitawstp_150820240200](https://myantrade.gov.mm/article/Naypyitawstp_150820240200)

## ဘာစမာတီဆန်၏ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းကို ဒေါ်လာ ၇၀၀ သို့လျှော့ချရန် အိန္ဒိယကုန်သည်များတောင်းဆို

အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဆန်ပို့ကုန်လုပ်ငန်းများအသင်း(ARIA)၏ အုပ်ချုပ်ရေးအဖွဲ့အသစ်သည် နယူးဒေလီမြို့တွင် ဩဂုတ်လ ၁၆ ရက်နေ့၌ အစည်းအဝေးတစ်ရပ်ကျင်းပလျက် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (Minimum Export Price – MEP) မြင့်မားမှုကြောင့် ဆန်လုပ်ငန်းတွင်ကြုံတွေ့နေရသောစိန်ခေါ်မှုများနှင့် ဘာစမာတီမဟုတ်သော ဆန်တင်ပို့မှုအား တားမြစ်ထားသည့်ကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ARIA အသင်းဥက္ကဋ္ဌ Satish Garg နှင့် ပန်ဂျပ်ပြည်နယ်မှ ကိုယ်စားလှယ်များဖြစ်သော Bal Krishna Bali နှင့် Ranjit Singh Jossan တို့က သဘာဝပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည့် ယင်းအစည်းအဝေး၌ အသင်းအနေဖြင့် အဆိုပါပြဿနာများကို ဦးစားပေးဖြေရှင်းရန်အတွက် ဗဟိုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။ ယခင်နှစ်တွင် ဗဟိုအစိုးရသည် ဘာစမာတီဆန်အတွက် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၅၀ ပြင်ဆင်သတ်မှတ်ခဲ့ကြောင်းနှင့် ပန်ဂျပ်၊ ဟာရီယာနာ ပြည်နယ်များနှင့် အိန္ဒိယမြောက်ပိုင်းဒေသများ၌ ယခုနှစ် ဘာစမာတီစပါးများ ပိုမိုထွက်ရှိမည်ဟုခန့်မှန်းရကြောင်း၊ သို့ဖြစ်၍ တောင်သူများအတွက် ကြီးမားသောဆုံးရှုံးမှုဖြစ်ပေါ်ခြင်းမှ ကာကွယ်နိုင်ရန် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၇၅၀ သို့ လျှော့ချရေးသည် အရေးကြီးသောအချက်ဖြစ်ကြောင်း၊ တောင်သူများ၏ ကြိုးစားအားထုတ်မှုအတွက် လုံလောက်သည့်လျော်ကြေးရရှိမှုသေချာစေရေး လုပ်ဆောင်ရန်လိုအပ်ကြောင်းနှင့် ဤအစီအစဉ်သည် တောင်သူလယ်သမားများ၏ ဝင်ငွေနှစ်ဆတိုးမြှင့်ရေး ဗဟိုအစိုးရကချမှတ်ထားသည့် ရည်မှန်းချက်နှင့်အညီဖြစ်ပြီး ကမ္ဘာ့ဈေးကွက်များတွင်အိန္ဒိယ၏ယှဉ်ပြိုင်နိုင်စွမ်းကိုထိန်းသိမ်းနိုင်စေရန်ကူညီပေးလိမ့်မည်ဖြစ်ကြောင်း Mr. Jossan ကပြောဆိုသည်။

အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း သတ်မှတ်ချက်မှာ အမေရိကန်ဒေါ်လာ ၉၅၀ နှုန်းအထိ မြင့်မားမှုကြောင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ဆန်တင်ပို့နိုင်ခြင်းမရှိဘဲ ပန်ဂျပ်ပြည်နယ်နှင့် ဟာရီယာနာပြည်နယ်တို့ရှိ သိုလှောင်ရုံများတွင် ဘာစမာတီဆန်ကို တန်ချိန်သိန်းပေါင်းများစွာ သိုလှောင်ထားရကြောင်းနှင့် အဓိကပြိုင်ဘက်ဖြစ်သော ပါကစ္စတန်နိုင်ငံ၌ ဘာစမာတီဆန်အတွက် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်းကို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀၀ သတ်မှတ်ထားကြောင်း Mr. Jossan က ပြောကြားခဲ့သည်။

Source: Times of India, 18 Aug 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: [https://myantrade.gov.mm/article/naypyitaw_27082024_1024](https://myantrade.gov.mm/article/naypyitaw_27082024_1024)

## အရန်ထားရှိရန် ဆန်တန်ချိန် ၄၅၀၀၀၀ တောင်ကိုရီးယားအစိုးရဝယ်ယူမည်

တောင်ကိုရီးယားနိုင်ငံ၌ ဆန်ပိုလျှံထွက်ရှိမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ဈေးကွက်အတွင်း ဈေးနှုန်းများတည်ငြိမ်မှုရှိစေရန်အတွက် အစိုးရသည် ယခုနှစ်ရိတ်သိမ်းထွက်ရှိမှုမှ ဆန်တန်ချိန် ၄၀၀,၀၀၀ နှင့် ယခင်နှစ် ထွက်ရှိမှုမှ တန်ချိန် ၅၀,၀၀၀ ၊ စုစုပေါင်း ဆန်တန်ချိန် ၄၅၀,၀၀၀ ကို အရန်ရိက္ခာအဖြစ်ဝယ်ယူမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြောကြားခဲ့သည်။

အစိုးရအဖွဲ့အစည်းဝေးတွင်ချမှတ်ခဲ့သည့် စီမံချက်အရ ဩဂုတ်လမှ နိုဝင်ဘာလအတွင်း မပြုပြင်ရသေးသော ဆန်များကိုလည်းကောင်း၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ထုပ်ပိုးပြီးသော ဆန်များကိုလည်းကောင်း ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။ ဝယ်ယူသည့်ဈေးနှုန်းကို ယခုနှစ်ကုန်၌ ဆုံးဖြတ်မည်ဖြစ်ပြီး ကြားကာလပေးချေမှုအဖြစ် ဆန် ၄၀ ကီလိုဂရမ်

တစ်အိတ်လျှင် ဝမ်ငွေ ၃၀,၀၀၀ နှုန်း (အမေရိကန်ဒေါ်လာ ၂၂ ဒေါ်လာ) ဖြင့် အစိုးရက ပေးအပ်ထားမည်ဖြစ်သည်။ ကိုရီးယားပြည်သူများ၏ စားသောက်မှုပုံစံနှင့် အလေ့အထများ ပြောင်းလဲလာမှုကြောင့် ၎င်းတို့၏ ဆန်စားသုံးမှု ဆက်တိုက်ကျဆင်းနေချိန်တွင် ကိုရီးယားနိုင်ငံသည် ဆန်ပိုလျှံထွက်ရှိမှုကိစ္စရပ်ကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေရကြောင်း သိရသည်။

တောင်ကိုရီးယားအစိုးရအနေဖြင့် ဝယ်ယူထားသော အရန်ဆန်များကို တပ်ရိက္ခာအဖြစ် သုံးစွဲခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စီမံကိန်းများအပါအဝင် ရည်ရွယ်ချက် အမျိုးမျိုးအတွက် အသုံးပြုမည်ဖြစ်သည်။ ထို့ပြင် ရေကြီးခြင်းနှင့် မိုးခေါင်ခြင်းစသည့် အရေးပေါ်အခြေအနေများတွင် စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသော အာဆီယံ+၃ အရေးပေါ် အရန်ဆန်အတွက်လည်း အဆိုပါဆန်များကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

Source: Korea Times, 19 Aug 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_27082024_1022

## အင်ဒိုနီးရှားနိုင်ငံ၌ ပြည်တွင်းဈေးကွက်သို့ ရောင်းချပေးရမည့် စားအုန်းဆီပမာဏသတ်မှတ်ချက်လျှော့ချ

ကမ္ဘာ့စားအုန်းဆီ အများဆုံးတင်ပို့သည့် အင်ဒိုနီးရှားနိုင်ငံတွင် ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းတည်ငြိမ်စေရန်အတွက် ပြည်တွင်းဈေးကွက်အတွင်း ရောင်းချပေးရန်တာဝန်ရှိမှု (Domestic Market Obligation–DMO) စည်းမျဉ်းများ တစ်နည်းအားဖြင့် ပြည်တွင်းစားအုန်းဆီ ထုတ်လုပ်မှုပမာဏအပေါ်မူတည်၍ ပြည်တွင်းသုံးစွဲမှုနှင့် တင်ပို့မှုပမာဏအချိုးအစား သတ်မှတ်သည့်စည်းမျဉ်းအား ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် စတင်ကျင့်သုံးခဲ့သည်။ အဆိုပါ DMO အစီအစဉ်အရ စားအုန်းဆီ ထုတ်လုပ်သူများအနေဖြင့် ပို့ကုန်ပါမစ်ရရှိရေးအတွက် ၎င်းတို့၏ စားအုန်းဆီထုတ်လုပ်မှုမှ တစ်စိတ်တစ်ပိုင်းကို ပြည်တွင်းဈေးကွက်သို့ ကန့်သတ်ထားသည့် ဈေးနှုန်းတစ်ရပ်ဖြင့် ရောင်းချပေးရမည်ဖြစ်ပြီး ပြည်တွင်း၌ ရောင်းချပေးသော စားအုန်းဆီပမာဏ ၏ ၄ ဆကို တင်ပို့ခွင့် ခွဲတမ်းအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ယခုအခါ အင်ဒိုနီးရှားအစိုးရသည် DMO အစီအစဉ်အရ စားအုန်းဆီ ထုတ်လုပ်သူများက ပြည်တွင်း၌ ရောင်းချပေးရမည့် စားအုန်းဆီပမာဏအား လျှော့ချသတ်မှတ်လိုက်ကြောင်းနှင့် ပြည်တွင်း၌ ရောင်းချသူများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်အတွက် ပြည်တွင်းဈေးကွက်ဆိုင်ရာ မူဝါဒအရ ပြည်တွင်းဈေးကွက်သို့ ရောင်းချရမည့်ဈေးနှုန်းအား တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း S&P Global သတင်းဌာနက ဩဂုတ်လ ၁၉ ရက်နေ့တွင် ဖော်ပြသည်။

DMO အစီအစဉ်အရ ပြည်တွင်းဈေးကွက်သို့ ရောင်းချရန်လျာထားသည့် စားအုန်းဆီ ပမာဏမှာ ယခင်က တစ်လလျှင် တန်ချိန် ၃၀၀,၀၀၀ သတ်မှတ်ထားခဲ့သော်လည်း ယခုအခါ တစ်လလျှင် တန်ချိန် ၂၅၀,၀၀၀ သာရောင်းချပေးရန်သတ်မှတ်ထားကြောင်း၊ စားအုန်းဆီ ထုတ်လုပ်သူများက ပြည်တွင်း၌ ရောင်းချပေးရမည့်ပမာဏ ကျဆင်းသွားကြောင်း၊ ယခုအစီအစဉ်သည် ဩဂုတ်လ ၁၄ ရက်မှစ၍ အသက်ဝင်ခဲ့ကြောင်း အင်ဒိုနီးရှား၊ ကုန်သွယ်ရေးဝန်ကြီး Mr. Zulkifli Hasan က ပြောကြားသည်။

အခြေခံလူတန်းစားပြည်သူများသို့ သက်သာသောဈေးနှုန်းဖြင့်ရောင်းချသည့် Minyakita အစီအစဉ်အရ ယခင်က စားအုန်းဆီအခြေခံဈေးနှုန်းသည် တစ်လီတာလျှင်အင်ဒိုနီးရှားရူပီး ၁၄,၀၀၀(တစ်လီတာလျှင် သုည ဒသမ ၈၉ အမေရိကန်ဒေါ်လာ)ရှိခဲ့ရာမှ ဩဂုတ်လ ၁၄ ရက်မှ စတင်၍ တစ်လီတာလျှင် ရူပီး ၁၅,၇၀၀ (အမေရိကန် ၁ ဒေါ်လာ) ဖြင့် တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။

Minyakita အစီအစဉ်မှာ အစိုးရ၏ DMO အစီအစဉ်အရ စုဆောင်းထားသော စားအုန်းဆီများကို အခြေခံလူတန်းစားပြည်သူများက သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူခွင့်ရရှိခြင်းကို ဆိုလိုသည်။ လွန်ခဲ့သည့်နှစ်အတွင်း စားအုန်းဆီ ထုတ်လုပ်သူများအသင်းအပါအဝင် စားအုန်းဆီကဏ္ဍနှင့် သက်ဆိုင်သူများက အခြေခံဈေးနှုန်းအား တိုးမြှင့်သတ်မှတ်ပေးရန် တောင်းဆိုခဲ့ကြသော်လည်း စားသုံးသူအဖွဲ့အစည်းများက ကန့်ကွက်ခဲ့ကြကြောင်း ဖော်ပြထားသည်။

ယခုပြောင်းလဲကျင့်သုံးသည့် DMO အစီအစဉ်သည် စားအုန်းဆီတင်ပို့သော ကုမ္ပဏီများအတွက် တင်ပို့ခွင့်ခွဲတမ်းများအား လျှော့ချထားမှုဖြစ်ခြင်းကြောင့် ၎င်းကုမ္ပဏီများအပေါ် သက်ရောက်နိုင်မည့် ဆိုးကျိုးများကို မသိရှိရသေးကြောင်း၊ Minyakita အစီအစဉ်အတွက် ပြည်တွင်း၌ ရောင်းချပေးသော စားအုန်းဆီပမာဏ၏ ၄ ဆ ကို တင်ပို့ခွင့်ခွဲတမ်းအဖြစ် သတ်မှတ်ထားကြောင်း၊ တင်ပို့ခွင့်ပြုမှုနှင့် Minyakita အစီအစဉ်တို့အကြား ချိတ်ဆက် မှုအပေါ် ထိရောက်မှုလျော့ကျသွားစေကြောင်း စားအုန်းဆီလုပ်ငန်းရှင်များက ပြောကြားသည်။

ပို့ကုန်ပမာဏ ကျဆင်းလာသည်နှင့်အမျှ DMO အစီအစဉ်အရ ပြည်တွင်း၌ ရောင်းချပေးမည့်ပမာဏပါ ကျဆင်းသွားခြင်းဖြစ်ကြောင်း၊ ဥပမာအားဖြင့် DMO အစီအစဉ်အရ တစ်လလျှင် ပြည်တွင်း၌ ရောင်းချပေးရန် စားအုန်းဆီတန်ချိန် ၃၀၀,၀၀၀ ခန့်လျာထားဆောင်ရွက်သော်လည်း ဇန်နဝါရီလတွင် စားအုန်းဆီတန်ချိန် ၂၁၂,၁၁၆ ခန့်၊ လျာထားချက်၏ ၇၀ ဒသမ ၇ ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်း၊ ထိုကာလအတွင်း အင်ဒိုနီးရှား၏ စားအုန်းဆီတင်ပို့မှုသည် တန်ချိန် ၁ ဒသမ ၈၉ သန်း သို့ ရောက်ရှိ

ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စုဆောင်းထားသည့်စားအုန်းဆီ တန်ချိန် ၁၃၁,၄၈၆ နှင့် မတ်လတွင် တန်ချိန် ၈၅,၈၉၀ သာရှိခဲ့သည့်အတွက် လျှာထားမှုအောက် လျော့နည်းခဲ့ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း (GAPKI) ဥက္ကဋ္ဌ Mr. Eddy Martono က ဧပြီလတွင် ပြောကြားမှုရှိခဲ့ကြောင်း ဖော်ပြထားသည်။

စားအုန်းဆီကြမ်းဈေးနှုန်းသည် ဩဂုတ်လ ၁၆ ရက်နေ့တွင် တစ်တန်လျှင် FOB ဈေးနှုန်း (သင်္ဘောတင် ဈေးနှုန်း) အမေရိကန်ဒေါ်လာ ၉၄၇ ဖြစ်ပြီး ယခုလအတွင်းဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများအပေါ် ၃ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ကမ္ဘာ့ကုန်ပစ္စည်းဈေးနှုန်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့ (S&P Global Commodity Insights) ၏ အဖွဲ့တစ်ခုဖြစ်သော Platts အဖွဲ့က ဖော်ပြကြောင်း သိရသည်။

Source: S&P Global , 19 Aug 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_27082024_1034

## မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်နည်းပါးမှု ပြန်လည်မြင့်တက်ဖွယ်ရှိ

မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်ပမာဏသည် မကြာသေးမီကကျဆင်းလာခဲ့ပြီးနောက် လာမည့်လများအတွင်း ပြန်လည်တိုးလာနိုင်ပြီး တန်ချိန် နှစ်သန်းအထိ ရောက်ရှိနိုင်ခြေရှိသည်ဟု ဈေးကွက်သုတေသန အဖွဲ့များက ခန့်မှန်းတွက်ချက်လျက်ရှိကြောင်း မလေးရှားအခြေစိုက် Bernama သတင်းဌာနက ဩဂုတ်လ ၁၃ ရက်နေ့တွင် ဖော်ပြသည်။ မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်မှာ ၂၀၂၄ ခုနှစ်၊ မတ်လနောက်ပိုင်း ပထမဆုံး အကြိမ်ကျဆင်းလျက် ဇူလိုင်လတွင် တန်ချိန် ၁ ဒသမ ၇၃ သန်းခန့်သာရှိပြီး ယခင်လ လက်ကျန်ပမာဏနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၄ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

ဆီအုန်းစိုက်ခင်းကဏ္ဍ၏ အလားအလာမှာ ပုံမှန်အခြေအနေအတိုင်းရှိမည်ဟု ၎င်းတို့၏ သုံးသပ်မှုအား ဆက်လက်ထိန်းသိမ်းလျက် စားအုန်းဆီလက်ကျန်ပမာဏမှာ ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှု ဘဏ်များဖြစ်သည့် Hong Leong Investment Bank, RHB Investment Bank နှင့် Maybank Investment Bank တို့မှ သုတေသနပညာရှင်များက ဩဂုတ်လ ၁၃ ရက်နေ့ထုတ်ပြန်သည့်ခန့်မှန်းချက်များတွင်ဖော်ပြသည်။

သီးနှံစိုက်ပျိုးမှုပုံစံတွင် ရာသီအလိုက်တိုးတက်လာခြင်းကြောင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် စားအုန်းဆီသိုလှောင်မှု လက်ကျန်ပမာဏသည် ပြန်လည်တိုးတက်လာဖွယ်ရှိမည်ဟု မျှော်လင့်ကြကြောင်း၊ သို့သော် ပဲပုပ်ဆီဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းကွာဟချက်နည်းပါးမှုကြောင့် စားအုန်းဆီတင်ပို့မှုမှာ အားနည်းသွားဖွယ်ရှိကြောင်း၊ အဓိကတင်သွင်းသည့်နိုင်ငံများတွင် ဆီလက်ကျန်နည်းပါးခြင်းနှင့် ဈေးနှုန်းအရယှဉ်ပြိုင်နိုင်စွမ်းကောင်းမွန်ခြင်းတို့ကြောင့် ဇူလိုင်လ၌ စားအုန်းဆီတင်ပို့မှုသည် ၃၉ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လျက် တန်ချိန် ၁ ဒသမ ၆၉ သန်းအထိ မြင့်တက်ခဲ့ကြောင်း Hong Leong ရင်းနှီးမြှုပ်နှံမှုဘဏ်က မှတ်ချက်ပြုခဲ့သည်။

ဇူလိုင်လ၌ မလေးရှားနိုင်ငံမှ စားအုန်းဆီကို အာဖရိက၊ တရုတ်၊ ဥရောပသမဂ္ဂ၊ အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ အများဆုံးတင်ပို့ခဲ့ကြောင်း၊ ဩဂုတ်လ ပထမ ၁၀ ရက်အတွင်း တင်ပို့မှုသည် ယခင်လကာလတူတင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်ပါက ၁၂ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းသို့ တင်ပို့မှုနည်းပါးခြင်းကြောင့် တန်ချိန် ၄၇၀,၇၀၀ သို့ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ကုန်တင်စစ်တမ်း ကောက်ယူသူ Intertek Services ကုမ္ပဏီ၏ စစ်တမ်းတွင်ဖော်ပြသည်။

RHB ရင်းနှီးမြှုပ်နှံမှုဘဏ်က လာနီညာကဲ့သို့ ကြိုတင်မမျှော်မှန်းနိုင်သော ရာသီဥတုဖြစ်စဉ်များကို တုံ့ပြန်တားဆီးနိုင်ခြင်းဖြင့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း တန်ချိန် ၂ သန်းကျော်ရှိလာနိုင်ကာ ကုန်လက်ကျန်ပမာဏများ တဖြည်းဖြည်းတိုးတက်လာမည်ဟုမျှော်လင့်ကြောင်း၊ မလေးရှားစားအုန်းဆီကြမ်း (CPO) အတွက် သင်္ဘောပေါ်အရောက် FOB ဈေးနှုန်းသည် ၂၀၂၄ ခုနှစ်အတွက် တစ်တန်လျှင် မလေးရှားရင်းဂစ် ၃,၉၀၀ နှင့် ၂၀၂၅ ခုနှစ်အတွက် တစ်တန်လျှင် မလေးရှားရင်းဂစ် ၃,၈၀၀ ရှိမည်ဟူသော ခန့်မှန်းချက်ကို ဆက်လက် ထိန်းသိမ်းထားကြောင်း ပြောဆိုသည်။

ဩဂုတ်လအတွင်း တင်ပို့မှုအားနည်းနေမည်ဟုယူဆမှုနှင့်အတူ ဆီလက်ကျန်ပမာဏပိုမိုမြင့်တက်ပြီး လကုန်၌ တန်ချိန် ၁ ဒသမ ၉သန်းရှိနိုင်မည်ဟုမျှော်မှန်းရကြောင်း၊ စားအုန်းဆီထုတ်လုပ်မှုအမြင့်မားဆုံးကာလဖြစ်သည့် ဩဂုတ်လမှ အောက်တိုဘာလအထိ သိုလှောင်မှုလက်ကျန် ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း၊ ရှေ့လာမည့် နှစ်လအတွင်း စားအုန်းဆီကြမ်းဈေးနှုန်းများအပေါ်ရာသီအလိုက်ဖိအားသက်ရောက်မှုရှိမည်ဟုခန့်မှန်းရသော်လည်းစားအုန်းဆီကြမ်းတစ်တန်လျှင်ပျမ်းမျှရောင်းဈေးသည် ၂၀၂၄ ခုနှစ်၌ ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လျက် မလေးရှားရင်းဂစ် ၃,၈၅၀ နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ပြီး မလေးရှား ရင်းဂစ် ၃၇၀၀ နှုန်းရှိနိုင်ကြောင်း Maybank ရင်းနှီးမြှုပ်နှံမှုဘဏ်က ပြောကြားခဲ့သည်။

Public Investment Bank က တစ်နှစ်ပတ်လုံး စားအုန်းဆီထုတ်လုပ်မှု၏ ၅၅ ရာခိုင်နှုန်းဖြစ်သော တန်ချိန် ၁၉ ဒသမ ၅ သန်းကို ၂၀၂၄ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၇ လအတွက်

ထုတ်လုပ်မှုသည် ယခင်နှစ်ကာလတူထက် ၁၀ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လျက် တန်ချိန် ၁၀ ဒသမ ၇ သန်း ရှိခဲ့ကြောင်း၊ မလေးရှားကျွန်းဆွယ်၌ ထုတ်လုပ်မှု ပိုမိုအားကောင်းလာပြီး ၁၃ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာကြောင်း၊ အရှေ့မလေးရှားတွင် တိုးတက်မှု ၁၅ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း၊ လာမည့် အစီရင်ခံစာများတွင် စားအုန်းဆီ လက်ကျန်အခြေအနေအပါအဝင် ပျမ်းမျှရောင်းဈေးနှုန်းများ (Average Selling Prices –ASPs)၊ တစ်ယူနစ်ကုန်ကျစရိတ်နှင့် ထုတ်လုပ်မှုအခြေအနေတို့ကို ထည့်သွင်းသုံးသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Source: Bernama , 13th Aug, 2024 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_20082024_1106

## လာနီနာ(La Nina)ကြောင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း(Indonesian Palm Oil Association)က သတင်းထုတ်ပြန်

Meteorology, Climatology, and Geophysics Board က ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှ အောက်တိုဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံတွင် လာနီနာ(La Nina)ဖြစ်ပေါ်နိုင်ကြောင်းတင်ပြခဲ့ရာ ဆီအုန်းလုပ်ငန်းများအတွက် ရာသီဥတုဆိုင်ရာစိန်ခေါ်မှု တစ်ရပ်ဖြစ်ပေါ်လာနိုင်သည်ဟု အင်ဒိုနီးရှားစားအုန်းဆီအသင်း(Indonesian Palm Oil Association) က သတင်းထုတ်ပြန်ခဲ့သည်။

La Nina သည် ၃ နှစ်မှ ၅ နှစ်တစ်ကြိမ်ဖြစ်ပေါ်လေ့ရှိပြီး ၂ နှစ်ဆက်တိုက်လည်း ဖြစ်ပေါ်လေ့ရှိကြောင်း၊ La Nina ဖြစ်စဉ်မှာ အီကွေတာ-ပစိဖိတ်အရှေ့အလယ်ပိုင်းနှင့် အလယ်ပိုင်းဒေသများရှိ သမုဒ္ဒရာမျက်နှာပြင် အပူချိန်ကျဆင်းသည့်ဖြစ်စဉ်ဖြစ်ပြီး အဆိုပါဖြစ်စဉ်အတွင်း အင်ဒိုနီးရှားနိုင်ငံမှ တောင်အမေရိက အနောက်ကမ်းရိုးတန်းအထိဒေသများတွင် ပိုမိုမိုးကြီးနိုင်ကြောင်း ဖော်ပြထားသည်။

အင်ဒိုနီးရှားစားအုန်းဆီအသင်းဥက္ကဋ္ဌ Eddy Martono က La Nina ကြောင့် ဆီအုန်းခူးဆွတ်ခြင်း၊ ဆီအုန်းစိုက်ခင်းများမှ ဆီအုန်းအခိုင်များသယ်ယူပို့ဆောင်ခြင်းတို့တွင် ထိခိုက်မှုများရှိနိုင်ကြောင်း၊ အခြေအနေပိုမိုဆိုးရွားပါက စိုက်ခင်းများရေမြုပ်နိုင်ပြီး ထုတ်လုပ်မှုကျဆင်းနိုင်ကြောင်း၊ La Nina ကြောင့် ကမ္ဘာ့ဈေးကွက်တွင် စားအုန်းဆီကြမ်း(Crude Palm Oil–CPO) ဈေးနှုန်းမြင့်တက်မှုမရှိနိုင်သော်လည်း ဈေးကွက်သို့ စားအုန်းဆီတင်ပို့မှုလျော့ကျပါက ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း၊ La Nina သည် အင်ဒိုနီးရှားနိုင်ငံအပေါ် သက်ရောက်မှုရှိပါက ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုအပေါ် ဆိုးကျိုးဖြစ်ပေါ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Palm Oil Agribusiness Strategic Policy Institute ၏ အမှုဆောင်ဒါရိုက်တာ Tungkot Sipayung က ပြင်းထန်သည့် La Nina ကြောင့် စိုက်ခင်းများရေမြုပ်ခြင်း၊ ဆီအုန်းခူးဆွတ်ခြင်း၊ ဆီအုန်းစိုက်ခင်းများမှ ဆီအုန်းအခိုင်များ သယ်ယူပို့ဆောင်ခြင်းတို့ကို ထိခိုက်မည်ဖြစ်ကြောင်း၊ La Nina နှင့် El Nino တို့၏သက်ရောက်မှုကို လျှော့ချရန် ကာလတို၊ ကာလလတ် ကြိုတင်ပြင်ဆင်မှုများနှင့် El Nino ကာလအတွင်း ရေအသုံးပြုနိုင်ရန် ရေကန်များကြိုတင်ပြင်ဆင်ခြင်း စသည့်ရေစီမံခန့်ခွဲမှု တိုးတက်စေရေးဆောင်ရွက်သင့်ကြောင်း၊ ဝတ်မှုန်ကူးကာလဖြစ်သည့် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း La Nina ဖြစ်စဉ်သည် အလယ်အလတ်ဖြစ်ပွားပါက ဆီအုန်းစိုက်ပျိုး ထုတ်လုပ်မှုတိုးတက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Indonesian Smallholders Association ဥက္ကဋ္ဌ Gulat Manurung က La Nina သည် ၁ လမှ ၃ လ အတွင်း ဖြစ်ပေါ်မည်ဖြစ်သည့်အတွက် ဆီအုန်းစိုက်ခင်းများမှ ဆီအုန်းအခိုင်များသယ်ယူပို့ဆောင်ခြင်းအပေါ် သက်ရောက်မှုမရှိနိုင်ကြောင်း၊ ရေကြီးခြင်း၊ လမ်းများပျက်စီးခြင်း စသည်တို့ကြောင့် ဆီအုန်းခူးဆွတ်ခြင်းအပေါ်သာသက်ရောက်နိုင်ကြောင်း၊ စိုက်ပျိုးသူများ အနေဖြင့် ရာသီဥတုပြောင်းလဲမှုအသစ်များနှင့်ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားသင့်ကြောင်း ပြောကြားခဲ့သည်။

ရင်းမြစ်။ အင်ဒိုနီးရှားစားအုန်းဆီအသင်း (Indonesian Palm Oil Association)

(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_12082024_12:30

## ဗီယက်နမ်နိုင်ငံ၏ ပြောင်းတင်သွင်းမှုဈေးကွက်တွင် အာဂျင်တီးနားမှ ဦးဆောင်

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ၇ လအတွင်း အဓိကဈေးကွက် ၅ ခုမှ ပြောင်းတင်သွင်းခဲ့ပြီး အာဂျင်တီးနားသည် တန်ချိန် ၃ ဒသမ ၁၉ သန်းဖြင့် နိုင်ငံ၏ စုစုပေါင်းတင်သွင်းမှု၏ ၅၅ ဒသမ ၅ ရာခိုင်နှုန်းရှိကာ တင်သွင်းမှု အများဆုံးနိုင်ငံဖြစ်လာသည်။ အကောက်ခွန်ဦးစီးဌာန၏ စာရင်းဇယားများအရ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ဈေးကွက်များမှ ပြောင်းတန်ချိန် ၅ ဒသမ ၇၄ သန်းတင်သွင်းခဲ့ပြီး ပြီးခဲ့သည့်လကုန်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံဖိုးအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက သွင်းကုန်ပမာဏ ၃၄ ရာခိုင်နှုန်းတိုးလာသော်လည်း ကုန်သွယ်မှုပမာဏမှာ ၁ ဒသမ ၉ ရာခိုင်နှုန်းသာရှိကြောင်းတွေ့ရှိရပြီး နိုင်ငံတကာဈေးကွက်တွင် ပြောင်းဈေးနှုန်းများ သိသိသာသာ ကျဆင်းသွားခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အာဂျင်တီးနားသည် ပြောင်းဖူးတင်သွင်းမှုတွင် ဗီယက်နမ်၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ပထမ ၇ လအတွင်း အာဂျင်တီးနားမှ ပြောင်းတန်ချိန် ၃ ဒသမ ၁၉ သန်း တင်သွင်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၇၂ ဒသမ ၂၉ သန်းရှိကြောင်း၊ ပျမ်းမျှ ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၄ ဖြစ်ကြောင်း ဖော်ပြထားသည်။

အာဂျင်တီးနားမှ တင်သွင်းသည့် ပြောင်းပမာဏသည် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၃၀ ဒသမ ၃ ရာခိုင်နှုန်းတိုးလာကာ ကုန်သွယ်မှုပမာဏ ၇၀ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့သော်လည်း ပြောင်းဈေးနှုန်းမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၅ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

အဆိုပါအချက်သည် ဗီယက်နမ်နှင့်အာဂျင်တီးနားကြား ကုန်သွယ်မှုဆက်ဆံရေးသည် ခိုင်မာအားကောင်းလာကြောင်း၊ အာဂျင်တီးနားသည် ဗီယက်နမ်၏ ပြောင်းလိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပြသလျက်ရှိကြောင်း ညွှန်ပြလျက်ရှိသည်။

ဗီယက်နမ်သို့ ပြောင်းတင်ပို့မှု ဒုတိယအကြီးဆုံးဈေးကွက်ဖြစ်သည့် ဘရာဇီးသည် ၂၀၂၄ ခုနှစ် ပထမ ၇ လတွင် တန်ချိန် ၁ ဒသမ ၅၇ သန်းအထိ ရောက်ရှိခဲ့ပြီး စုစုပေါင်းတင်သွင်းမှု၏ ၂၇ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်ကြောင်း ဖော်ပြထားသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် အာဂျင်တီးနားနှင့် ဘရာဇီးတို့အပြင် ထိုင်း၊ လာအိုနှင့် အိန္ဒိယတို့ကဲ့သို့ ဈေးကွက်များမှလည်း ပြောင်းတင်သွင်းလျက်ရှိကြောင်း ဖော်ပြထားသည်။

ခြုံငုံသုံးသပ်ရပါက ပထမ ၇ လအတွင်း ဗီယက်နမ်နိုင်ငံ၏ ပြောင်းတင်သွင်းမှုသည် အာဂျင်တီးနားနှင့် ဘရာဇီးတို့ကဲ့သို့သော မိတ်ဖက်များအပေါ် သိသိသာသာ မှီခိုအားထားမှုကို ပြသလျက်ရှိပြီး သွင်းကုန်များသည် ဈေးနှုန်းဖွဲ့စည်းပုံနှင့် ရောင်းလိုအားဈေးကွက် အပြောင်းအလဲများကို ထင်ဟပ်စေကြောင်း ဖော်ပြထားသည်။

ပြောင်းကို အမြောက်အမြားတင်သွင်းခြင်းသည် ကုန်သွယ်မှုမျှတမှုကို ဖိအားဖြစ်စေရုံသကဲ့သို့ ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များတွင် စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စိန်ခေါ်မှုများစွာကို ဖြစ်ပေါ်စေသည်။

ဗီယက်နမ်နိုင်ငံ၏ ပြောင်းတင်သွင်းမှုတိုးလာရခြင်း၏ အဓိကအကြောင်းရင်းမှာ ပြည်တွင်းပြောင်းထုတ်လုပ်မှုသည် မွေးမြူရေးနှင့်အစာထုတ်လုပ်သည့်လုပ်ငန်းမှ ကြီးထွားလာသော ဝယ်လိုအားကို မဖြည့်ဆည်းပေးနိုင်ခြင်းကြောင့်ဖြစ်သည်။ ပြည်ပမှတင်သွင်းသော ပြောင်းအပေါ်မှီခိုအားထားမှုလျှော့ချရန်အတွက် ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းပြောင်းထွက်ရှိမှုကို မြှင့်တင်ရန်အတွက် ကျွမ်းကျင်သူများအား တိကျသောအစီအမံများကို အကောင်အထည်ဖော်ရန် အကြံပြုထားကြောင်း ဖော်ပြထားသည်။ Source: Vietnam News Agency, (စီးပွားရေးသံမှူးဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp-210820243040

## တရုတ်နိုင်ငံသည် ကမ္ဘာ့ကော်ဖီလုပ်ငန်းတွင် ထွန်းသစ်စကြယ်တစ်ပွင့်ဖြစ်လာ

တရုတ်နိုင်ငံ၏ ကော်ဖီလုပ်ငန်းသည် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း သိသာထင်ရှားသော တိုးတက်မှုများရရှိခဲ့ပြီး နိုင်ငံတကာကော်ဖီဈေးကွက်တွင် အလားအလာကောင်းသောနိုင်ငံဖြစ်လာကြောင်း သိရသည်။

နိုင်ငံတကာကော်ဖီအဖွဲ့၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ကော်ဖီဝယ်လိုအားသည် တစ်နှစ်ထက်တစ်နှစ် ၁၅ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ၌ ကော်ဖီဆိုင်အရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် ၅၈ ရာခိုင်နှုန်းတိုးလာပြီး ၂၀၂၃ ခုနှစ်တွင် အမေရိကန်နိုင်ငံကိုကျော်တက်၍ ကမ္ဘာပေါ်တွင်နာမည်ကြီးအမှတ်တံဆိပ် ကော်ဖီဆိုင်အများဆုံးရှိသည့်နိုင်ငံဖြစ်လာကြောင်း Allegra World Coffee Portal ၏ အချက်အလက်အရ သိရသည်။

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ယူနန်စိုက်ပျိုးရေးတက္ကသိုလ်၏ ဒုတိယဥက္ကဋ္ဌ လီဟောင်က တရုတ်ကော်ဖီလုပ်ငန်းသည် ပြည်တွင်းရှိကော်ဖီလုပ်ငန်းကွင်းဆက်အားလုံးနှင့်ချိတ်ဆက်ထားကြောင်း ပြောကြားခဲ့သည်ဟုသိရသည်။

တရုတ်နိုင်ငံသည် ပြည်ပမှအရည်အသွေးမြင့်ကော်ဖီမျိုးကွဲများနှင့် ပေါင်းစပ်၍ပိုမိုကောင်းမွန်သော ပြည်တွင်းကော်ဖီမျိုးများကိုထုတ်လုပ်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင်တရုတ်နိုင်ငံသည်ကော်ဖီစိုက်ခင်းများတွင်ခေတ်မီစိုက်ပျိုးရေးနည်းပညာများကိုအသုံးပြုပြီး ကော်ဖီအထွက်နှုန်းနှင့် အရည်အသွေးကို မြှင့်တင်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကော်ဖီပြုပြင်ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် ကာဗွန်ထုတ်လွှတ်မှုနည်းသော နည်းပညာများကို အသုံးပြုမှုမြှင့်တင်ရန်ဆောင်ရွက်လျက်ရှိပြီး ကော်ဖီပြုပြင်ထုတ်လုပ်ခြင်း၏ အစောပိုင်းအဆင့်များတွင် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ဥပမာအားဖြင့် Yunnan Agricultural University သည်

ရေမလိုဘဲ ကော်ဖီစေ့အခွံကို ဖယ်ရှားခြင်းနှင့် micro-water degumming ပါဝင်သော အလိုအလျောက် ထုတ်လုပ်မှုလိုင်းကို တီထွင်ခဲ့ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရေသုံးစွဲမှုလျှော့ချနိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယူနန်ပြည်နယ်၊ Baoshan မြို့ရှိ Xinzhai ရွာသည် ကော်ဖီခြံများ၊ ကျေးရွာကော်မတီများ၊ သက်ဆိုင်ရာ သုတေသန အဖွဲ့အစည်းများ၊ သမဝါယမအသင်းများနှင့် လယ်သမားများပူးပေါင်းဆောင်ရွက်သည့် "ကော်ဖီမြေ+" ပုံစံကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ၎င်းသည် ကော်ဖီစိုက်ပျိုးသူများအား နည်းပညာအသစ်များဖြန့်ဝေပေးခြင်း၊ သုတေသနရလဒ်အသစ်များကို စီးပွားဖြစ်ထုတ်လုပ်ခြင်းနှင့် စားသုံးသူများအား “ကော်ဖီစေ့မှ ကော်ဖီခွက်အဖြစ်” တစ်နေရာတည်းတွင် ရနိုင်သည့် ကော်ဖီယဉ်ကျေးမှု၏ အတွေ့အကြုံသစ်ကို ရရှိခံစားနိုင်စေရန်ဆောင်ရွက်လျက်ရှိကြောင်း၊ ဤပုံစံသည် ကော်ဖီစိုက်ပျိုးသူများ အတွက် ဝင်ငွေတိုးစေရုံသာမက ကျေးလက်လုပ်ငန်းများကိုပါ အထောက်အကူပြုကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ကော်ဖီလုပ်ငန်း အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ကြီးမားသောပြည်တွင်းဈေးကွက်ကြောင့် ဖြစ်ကြောင်း၊ တရုတ်လူငယ်များ၏ ကြိုက်နှစ်သက်မှု ပြောင်းလဲလာခြင်း၊ သောက်သုံးနိုင်စွမ်းနှင့် ကော်ဖီထုတ်ကုန်အသစ်များ အဆက်မပြတ် ထွက်ရှိခြင်းတို့သည် ဈေးကွက်အခွင့်အလမ်းသစ်များကို ဖန်တီးပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ကော်ဖီနှင့်ပတ်သက်သည့် နည်းပညာများတွင် ဆန်းသစ်တီထွင်နိုင်စွမ်းကို စဉ်ဆက်မပြတ် အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ကော်ဖီမျိုးအသစ်များ စမ်းသပ်မှု၊ ကော်ဖီစေ့ထုတ်လုပ်မှုနှင့် ထုတ်ကုန်ဆန်းသစ်တီထွင်မှု တို့တွင် အရှိန်အဟုန်ဖြင့် တိုးတက်လာပြီး တရုတ်ကော်ဖီလုပ်ငန်း တိုးတက်မှုအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ဖြစ်ကြောင်း လီက ပြောကြားခဲ့သည်ဟု သိရသည်။ ကော်ဖီလုပ်ငန်းများသည် ဖြန့်ဖြူးရောင်းချမှု လမ်းကြောင်းများကို တိုးချဲ့ရန်အတွက် အကြံဉာဏ်သစ်များဖော်ထုတ်ပြီး ထောက်ပံ့ပို့ဆောင် ရေး ဝန်ဆောင်မှုများကို မြှင့်တင်ပေးနေကြောင်း သိရသည်။

ကော်ဖီနှင့်ပတ်သက်သော အဖွဲ့အစည်းများနှင့် ကမ္ဘာတစ်ဝန်းရှိ နာမည်ကြီးလုပ်ငန်းကြီးများသည် တရုတ်ဈေးကွက်၏ အလားအလာအပေါ် အကောင်းမြင်ကြပြီး ပုံစံအမျိုးမျိုးဖြင့် ပေါ်ပေါက်လာသော ကော်ဖီဆိုင်များ၊ အမှတ်တံဆိပ်နှင့် ထုတ်ကုန် အသစ်များမိတ်ဆက်ခြင်းသည် တရုတ်နိုင်ငံတွင် ကော်ဖီသောက်သုံးသည့် ယဉ်ကျေးမှုကိုမြှင့်တင်ပေးလျက်ရှိကြောင်းသိရသည်။

နိုင်ငံတကာကုန်သွယ်မှုများ ပိုမိုအဆင်ပြေချောမွေ့လာပြီး ကော်ဖီစေ့ကုန်ကြမ်းအမြောက်အမြားကို လမ်းကြောင်း အမျိုးမျိုးမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်သွင်းလာခြင်းကလည်း ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသည့် အထောက်အပံ့ဖြစ်စေကြောင်း သိရသည်။

တရုတ်နိုင်ငံရှိ ကော်ဖီစိုက်ပျိုးသော ဒေသများသည် သဘာဝအရ အကျိုးကျေးဇူးများ ရရှိကြကြောင်း၊ အထူးသဖြင့် ယူနန်ပြည်နယ်သည် နိုင်ငံ၏ကော်ဖီစိုက်ပျိုးဧရိယာ၏ ၉၈ ရာခိုင်နှုန်းကျော်ရှိပြီး ကော်ဖီအထွက်နှုန်း၏ ၉၈ ရာခိုင်နှုန်းကျော် ရှိကြောင်း ၂၀၂၃ ခုနှစ်ထုတ် ယူနန်ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် အစီရင်ခံစာအရ သိရသည်။

သို့သော်လည်း တရုတ်ကော်ဖီလုပ်ငန်းသည် နိုင်ငံရပ်ခြားရှိ ကော်ဖီဆိုင်များနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အတားအဆီးများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ဥပမာအားဖြင့် ကော်ဖီမျိုးကွဲအများစုကို တင်သွင်းနေရဆဲဖြစ်ပြီး တရုတ်နိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြုပြင်ထုတ်လုပ်သည့်နည်းပညာများသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကွာဟချက် တစ်ခုရှိနေသေးကြောင်း၊ ထို့ပြင် တရုတ်ကော်ဖီလုပ်ငန်း၏ အမှတ် တံဆိပ်နှင့် ဈေးကွက်ချဲ့ထွင်မှု စွမ်းရည်ကိုလည်း မြှင့်တင်ရန် လိုအပ်နေသေးကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ကော်ဖီဈေးကွက်တွင် ထုတ်ကုန်များကို ဒေသကြိုက်အရသာ ပြင်ဆင်ခြင်း၊ ဆန်းသစ်သော အရသာ ပေါင်းစပ်ဖန်တီးမှုများနှင့် တရုတ်စတိုင်လ်ဆန်းသစ်တီထွင်မှုများကို မိတ်ဆက်ခြင်းဖြင့် ကြီးမားသောအလားအလာများရှိလာ ကြောင်း ကျွမ်းကျင်သူကပြောကြားခဲ့သည်။

အနာဂတ်တွင် တရုတ်နိုင်ငံ၏ ကော်ဖီလုပ်ငန်းသည် စားသုံးသူများ၏ လိုအပ်ချက်များကို ပိုမိုအလေးပေးကာ တန်ဖိုး ကွင်းဆက်တစ်လျှောက်ရှိ အစိတ်အပိုင်းအားလုံးကို ပေါင်းစပ်သင့်ကြောင်း၊ ဈေးကွက်တစ်ခုလုံးကို ချဲ့ထွင်ခြင်းဖြင့် ကော်ဖီ လုပ်ငန်းစုသည် တဖြည်းဖြည်း အရည်အသွေးမြင့်မားပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုး တိုးတက်မှုကို ရရှိနိုင်ကြောင်း သိရသည်။

Source: en.people.cn/n3/2024/0822/c90000-20209202.html,(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source:[https://myantrade.gov.mm/article/Naypyitawstp-270820241010](https://myantrade.gov.mm/article/Naypyitawstp-270820241010)

## သီဟိုဠ်စေ့ကုန်ကြမ်း ဒုတိယအများဆုံးထုတ်လုပ်သည့်နိုင်ငံအဖြစ်သို့ ကမ္ဘောဒီးယားရောက်ရှိ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ၇ လတွင် စုစုပေါင်းတန်ချိန် ၈၃၀,၀၀၀ ထုတ်လုပ်မှုဖြင့် ကမ္ဘောဒီးယားနိုင်ငံ သည် အိုင်ဗရီကို့စ်နိုင်ငံ၏နောက်တွင် သီဟိုဠ်စေ့ကုန်ကြမ်း ကမ္ဘာ့ဒုတိယအများဆုံး ထုတ်လုပ်သည့်နိုင်ငံ ဖြစ်လာကြောင်း ကမ္ဘောဒီးယားသီဟိုဠ်စေ့လုပ်ငန်းအသင်း(CAC)၏ အစီရင်ခံစာအရသိရသည်။ ဗီယက်နမ်နိုင်ငံသို့ သီဟိုဠ်စေ့တင်ပို့မှုသည် သိသိသာသာ တိုးတက်လာပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁,၀၉၂ သန်းရှိသော သီဟိုဠ်စေ့ တန်ချိန် ၇၈၀,၀၀၀ ကျော်ကို

တင်ပို့နိုင်ခဲ့ကြောင်း CAC ၏ ပြောကြားချက်အရ သိရသည်။ ယင်းတင်ပို့မှုသည် ပမာဏအားဖြင့် ၃၆ ဒသမ ၇ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။

အဆိုပါ သီဟိုဠ်စေ့တင်ပို့မှု တိုးတက်လာခြင်းသည် အကြောင်းမဲ့မဟုတ်ကြောင်း၊ ၂၀၂၄ ခုနှစ်၊ မေလမှ၍ သီဟိုဠ်စေ့ စိုက်ပျိုးရေိယာ အနည်းငယ်တိုးလာသည့်အချိန်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် လိုက်လျောညီထွေဖြစ်အောင် စိုက်ပျိုး ထားသည့် သီဟိုဠ်သရက်ပင်များ သိသာစွာတိုးတက်လာသည့်အတွက်ဖြစ်ကြောင်း ကမ္ဘောဒီးယား သီဟိုဠ်စေ့လုပ်ငန်းအသင်း (CAC) ဥက္ကဋ္ဌ Uon Silot က ဩဂုတ်လ ၁၈ ရက်နေ့တွင် Khmer Times သို့ ပြောကြားခဲ့သည်။

အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်သည် ကမ္ဘောဒီးယားနိုင်ငံအပေါ် ရိုက်ခတ်မှုရှိနိုင်ကြောင်း CAC က ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၌ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထိုစဉ်က CAC အနေဖြင့် သီဟိုဠ်စေ့ အထွက်ကောင်းစေရေး ပြင်ဆင်ထားရန် ၎င်း၏အဖွဲ့ဝင်များနှင့် တောင်သူများအတွက် ယေဘုယျအားဖြင့် လမ်းညွှန်ချက်အချို့ကို ထုတ်ပြန်ထားခဲ့သည်။ အဆိုပါ ညွှန်ကြားချက်များကို လက်ခံကျင့်သုံးခဲ့သည့်အတွက် သီဟိုဠ်စေ့ အထွက်ပမာဏသည် တိုးတက်လာခြင်းဖြစ်သည်ဟု Mr. Silot က ပြောကြားခဲ့သည်။

အဆိုပါအချက်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအများအပြားအား ဆွဲဆောင်နိုင်သည့်အတွက် အရေးကြီးသည့်အချက် များဖြစ်ကြောင်း၊ သီဟိုဠ်စေ့လုပ်ငန်းကို လုပ်ကိုင်ရန်စဉ်းစားပါက ကမ္ဘောဒီးယား၏ သီဟိုဠ်စေ့ထုတ်လုပ်မှု နယ်ပယ်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း Mr. Silot က ပြောကြားခဲ့သည်။ သီဟိုဠ်စေ့မူဝါဒ ၂၀၂၂-၂၀၂၇ ဖော်ဆောင်မှုမှ ပိုမိုကောင်းမွန် သောရလဒ်များရရှိနိုင်ရန်အတွက် CAC အသင်းအနေဖြင့် ပြည်တွင်း၌ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု များကို ပိုမိုဆွဲဆောင်လိုကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်လိုခြင်းသည် CAC နှင့် အခြားသောပါဝင်ပတ်သက်သူများက အစဉ်မျှော်မှန်းသည့် အချက်ဖြစ်ကြောင်း၊ သီဟိုဠ်စေ့ပြုပြင်ထုတ်လုပ်သည့် စက်ရုံများစွာရှိပါကကျေးရွာများတွင် အလုပ်အကိုင်များပိုမိုဖန်တီးပေးနိုင် မည်ဖြစ်ပြီး လုပ်သားများ ပြောင်းရွှေ့လုပ်ကိုင်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပွဲစားအဆင့်ဆင့်များပြားမှုကိုလျှော့ချပြီး ထပ်ဆောင်းတန်ဖိုးမြှင့်လျက် သင့်တင့်မျှတသည့် ဈေးနှုန်းတစ်ရပ်ကိုထိန်းသိမ်းပေးခြင်းဖြင့် တောင်သူများကို အထောက်အပံ့ ပြုနိုင်မည်ဖြစ်ကြောင်း Mr. Silot က အလေးပေးပြောကြားခဲ့သည်။ လက်ရှိတွင် သီဟိုဠ်စေ့ခြောက် တစ်ကီလိုဂရမ်လျှင် ကမ္ဘောဒီးယားနိုင်ငံသုံးငွေ ရီယယ် ၇,၃၀၀ နှုန်းဝန်းကျင်ရှိကြောင်း၊ အမျိုးသားသီဟိုဠ်စေ့မူဝါဒ ၂၀၂၂-၂၀၂၇ နှင့်အညီ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကမ္ဘောဒီးယားသီဟိုဠ်စေ့လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၃၂၉ သန်း ကို ထပ်မံလိုအပ်ကြောင်း သိရသည်။

ကမ္ဘောဒီးယား စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ် (ARDB) ၏ အမှုဆောင် အရာရှိချုပ် Kao Thach က သီဟိုဠ်စိုက်ပျိုးသည့်တောင်သူများအနေဖြင့် ထုတ်ကုန်များ၏ အရည်အသွေးကောင်းမွန်စေရန်နှင့် ရောင်းချနိုင်စွမ်းရှိစေရန် အတွက် သီဟိုဠ်စေ့အသင်း (CAC) နှင့် အခြားစိုက်ပျိုးရေး အသိုင်းအဝိုင်းများနှင့် ချိတ်ဆက်ရန် ယခင်ရက်သတ္တပတ်တွင် Kampong Thom ပြည်နယ်၌ ကျင်းပသော CAC နှင့် တွေ့ဆုံဆွေးနွေးပွဲတွင် တိုက်တွန်းပြောကြားခဲ့သည်။ အဆိုပါ ပြည်နယ်ရှိ Sala Visai, Prasat Sambo နှင့် Tamring ကျေးရွာအုပ်စုသုံးခုတွင် ခေတ်မီသီဟိုဠ်စေ့စိုက်ပျိုးရေးအဖွဲ့ ၃ ဖွဲ့ကိုတရားဝင်ဖွဲ့စည်း တည်ထောင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

Source: Khmer Times, 19 August, 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_27082024_1030

## ကမ္ဘာ့ရှစ်ခုမြောက် အကြီးမားဆုံးလက်ဖက်ခြောက်တင်ပို့သူ ဗီယက်နမ်နိုင်ငံဖြစ်လာ

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ရှစ်ခုမြောက် အကြီးမားဆုံးလက်ဖက်ခြောက်တင်ပို့သူဖြစ်ပြီး ယခုနှစ်၏ ပထမ ၇ လတွင် လက်ဖက်ခြောက်တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၃၅ သန်း ရရှိခဲ့ကာ လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၃၄ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ လက်ဖက်ခြောက်တင်ပို့သည့်ပျမ်းမျှဈေးနှုန်းသည် တစ်တန်ကို ၁,၇၂ ဒသမ ၇ အမေရိကန်ဒေါ်လာ ရှိခဲ့ပြီး ၁ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ ဇူလိုင်လ တစ်လတည်းတွင် လက်ဖက်ခြောက်တင်ပို့မှုတန်ချိန် ၁၆,၀၀၀ ရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၉ သန်း ဝင်ငွေရရှိခဲ့ကာ ၁၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၆ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်ဟု စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန၏ ပြည်ပကုန်သွယ်ရေးအေဂျင်စီ၏ အချက်အလက်များအရသိရသည်။ ဗီယက်နမ်နိုင်ငံမှတင်ပို့သည့် လက်ဖက်ခြောက်ထုတ်ကုန်များတွင် Green tea ၊ Black tea နှင့် Oolong tea တို့ ပါဝင်ကြောင်း

သိရသည်။ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံး လက်ဖက်ခြောက် တင်ပို့သူများထဲတွင် ပါဝင်နေသော်လည်း အဓိက တင်သွင်းသည့် ဈေးကွက်များသို့ ဗီယက်နမ် လက်ဖက်ခြောက် တင်ပို့မှုပမာဏမှာ သင့်ရုံမျှပမာဏသာရှိကြောင်း သိရသည်။

သို့သော် ဗီယက်နမ်နိုင်ငံ၏ တင်ပို့မှုပမာဏ မြင့်တက်လာရန် သိသာထင်ရှားသည့် အခွင့်အလမ်းများရှိကြောင်း သိရသည်။ အထူးသဖြင့် ယခုနှစ်၏ ပထမ ၄ လတွင် ကမ္ဘာ့အကြီးဆုံး လက်ဖက်ခြောက်တင်သွင်းသည့် ဥရောပသမဂ္ဂ၏ တင်သွင်းမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၄၀၁ သန်းရှိပြီး ထိုပမာဏထဲမှ သုည ဒသမ ၁၉ ရာခိုင်နှုန်းကိုသာ ဗီယက်နမ်ထံမှ တင်သွင်းကြောင်းသိရသည်။ သို့သော် ဥရောပသမဂ္ဂသည် လက်ဖက်ခြောက် အရည်အသွေးအတွက် မြင့်မားသည့် လိုအပ်ချက်များကိုမြင့်တင်ခဲ့သောကြောင့် တင်ပို့သူများမှာ စည်းမျဉ်းသစ်များအပေါ် ၎င်းတို့ကိုယ်တိုင် ပြုပြင်မွမ်းမံကြရတော့မည်ဖြစ်သည်။

ပါကစ္စတန်သည် ကမ္ဘာ့ဒုတိယအကြီးမားဆုံး လက်ဖက်ခြောက်တင်သွင်းသူဖြစ်သော်လည်း အဆိုပါ ဈေးကွက်သို့ ဗီယက်နမ်လက်ဖက်ခြောက်တင်ပို့မှုမှာ ဈေးကွက်သတင်းအချက်အလက်ရရှိမှုကင်းမဲ့ခြင်းကြောင့် သင့်ရုံမျှသာရှိကြောင်း သိရသည်။ အမေရိကန်နှင့် ဗြိတိန်ကဲ့သို့သော အခြားအဓိကတင်သွင်းသူများ၏ ဝယ်လိုအားမှာ မြင့်တက်လျက်ရှိသောကြောင့် ဗီယက်နမ်နိုင်ငံအတွက် ဈေးကွက်တိုးချဲ့ရန်သိသာသည့် အခွင့်အလမ်းများရှိနေကြောင်းသိရသည်။ သုတေသနနှင့် ဈေးကွက် လေ့လာမှုအချက်အလက်များအရ ကမ္ဘာ့လက်ဖက်ခြောက် ဈေးကွက်သည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၃ ဘီလီယံရှိရာမှ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၅ ဘီလီယံရောက်ရှိရန် မျှော်လင့်ရကြောင်း သိရသည်။

Source: Vietnam Plus,Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_27082024_1009

## တောင်ကိုရီယားနိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်အများအပြား တင်သွင်း

တောင်ကိုရီးယားနိုင်ငံသည် ယခုနှစ် ပထမ ၆ လပတ်အတွင်း ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များအား အမေရိကန်ဒေါ်လာ ၁၆၄ သန်းဖိုးခန့်တင်သွင်းခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၅၅ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ကြောင်း The World and Vietnam Report အွန်လိုင်းသတင်း ဖော်ပြချက်အရသိရသည်။

အဆိုပါတင်သွင်းမှုတွင် ဗီယက်နမ်၏ စုစုပေါင်းတင်ပို့မှုပမာဏ၏ ၅ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး တောင်ကိုရီးယား သည် တရုတ်နိုင်ငံပြီးလျှင် ၎င်း၏ဒုတိယအကြီးဆုံး စိုက်ပျိုးရေးဈေးကွက်ဖြစ်လာကြောင်း အကောက်ခွန်ဦးစီးဌာန၏ နောက်ဆုံး အချက်အလက်များအရ သိရသည်။

ဗီယက်နမ်မှ တောင်ကိုးရီးယားသို့ အများဆုံးတင်သွင်းသည့် စိုက်ပျိုးရေးထွက်ကုန် (၃) မျိုးမှာ ၄က်ပျော၊ သရက်သီးနှင့် နှမ်းစေ့များဖြစ်ပြီး ၄က်ပျော၏ တန်ဖိုးမှာ သုံးဆတိုးလာကြောင်း ဖော်ပြထားသည်။

တင်ပို့မှု သိသိသာသာ မြင့်တက်လာသော အခြားပစ္စည်းများမှာ နဂါးမောက်သီး၊ Shitake မှို၊ ဒူးရင်း၊ နာနတ်သီးနှင့် Almond တို့ ဖြစ်သည်။

အလယ်ပိုင်းကုန်းမြင့်ဒေသမှ ၄က်ပျောသီး တင်ပို့ရောင်းချသည့် ကုမ္ပဏီတစ်ခုသည် ၎င်း၏ သစ်သီးများကို Lotte mart အပါအဝင် တောင်ကိုရီးယားရှိ အဓိက ဆူပါမားကက်များတွင် ရောင်းချလျက်ရှိသည်ဟု ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအသင်း အထွေထွေအတွင်းရေးမှူးဖြစ်သူ Dang Phuc Nguyen က တောင်ကိုရီးယား၏ ၄က်ပျောဈေးကွက်သို့ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့် တင်ပို့လျက်ရှိပြီး ဗီယက်နမ်မှ တင်ပို့သူများအတွက် တိုးမြှင့်တင်ပို့ရန် အလားအလာကောင်းများရှိကြောင်း ပြောကြားခဲ့သည်။

Source: The World and Vietnam Report, (စီးပွားရေးသံမှူး၊ဗီယက်နမ်)

Source:https://myantrade.gov.mm/article/Naypyitawstp-190820240230

## ဗီယက်နမ်နိုင်ငံ ဘန်ကျဲပြည်နယ်သည် အုန်းသီးတင်ပို့မှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရရှိ

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘန်ကျဲပြည်နယ်သည် နိုင်ငံနှင့်နယ်မြေပေါင်း ၉၀ သို့ အုန်းသီးများကို တင်ပို့လျက်ရှိရာ နှစ်စဉ်အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရရှိကြောင်း ပြည်နယ်ပြည်သူ့ကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။ ပြည်နယ် တွင် စုစုပေါင်း အုန်းသီးစိုက်ဧရိယာ ဟက်တာ ၇၉,၀၀၀ ကျော်ရှိကြောင်း သိရသည်။

ပြည်နယ်အာဏာပိုင်များအနေဖြင့် အုန်းပင်များကို အဓိကစက်မှုသီးနှံအဖြစ် သတ်မှတ်ထားရှိပြီး ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်မူဝါဒများချမှတ်လျက်ရှိကြောင်း၊ ပြည်တွင်းနှင့်နိုင်ငံတကာလိုအပ်ချက်များကိုဖြည့်ဆည်းရန်အတွက် အုန်းသီး ထုတ်လုပ်ခြင်းနှင့် ပြုပြင်ခြင်းတွင် နည်းပညာသစ်များအသုံးပြုခြင်းကိုလည်း မြှင့်တင်လျက်ရှိကြောင်း ဩဂုတ်လ ၁၆ ရက်က ကျင်းပပြုလုပ်သည့် “Sustainable Green Development Toward Net Zero” အခမ်းအနားတွင် ခရိုင်ပြည်သူ့ကော်မတီဥက္ကဋ္ဌ Tran Ngoc Tam က ပြောကြားခဲ့သည်။

ပညာရှင်များ၏ အဆိုအရ အုန်းပင်များသည် ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်နိုင်သော အပင်အမျိုးအစားဖြစ်ကြောင်း၊ အုန်းပင်များသည် ကာဗွန်ခတ်နည်းသောထုတ်လုပ်မှုဆီသို့ ဦးတည်ကာ ကာဗွန်ကိုစုပ်ယူနိုင်စွမ်းရှိကြောင်း၊ ဘန်ကဲပြည်နယ်တွင် ကျယ်ပြန့်သော အုန်းစိုက်ပျိုးဧရိယာများရှိရာ CO2 တန်ချိန် ၁ ဒသမ ၉ မှ ၅ ဒသမ ၈ သန်းအထိ သိုလှောင်နိုင်စွမ်းကြောင်းဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ ဗီယက်နမ်နိုင်ငံတွင် အုန်းစိုက်ပျိုးမှု စုစုပေါင်းဧရိယာသည် ၂၀၂၂ ခုနှစ်တွင် ၁၉၄,၀၀၀ ဟက်တာအထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

Source: Vietnam Economic Times ,(စီးပွားရေးသံမှူး၊ဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp–190820240410

## ရုရှားနိုင်ငံမှ ဓာတ်ဆီတင်ပို့မှုတားမြစ်ချက်ကို ယခုနှစ်ကုန်အထိ သက်တမ်းတိုး

ရုရှားအစိုးရသည် ရုရှားနိုင်ငံမှ ဓာတ်ဆီတင်ပို့မှုတားမြစ်ချက်ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ သက်တမ်းတိုးခဲ့ကြောင်း သိရသည်။

ရာသီအလိုက်ဝယ်လိုအားများ ဆက်လက်တည်ရှိနေသည့်ကာလအတွင်း လောင်စာဆီဈေးကွက်တွင် တည်ငြိမ်သော အခြေအနေကိုထိန်းသိမ်းရန်နှင့် ရေနံသန့်စင်စက်ရုံများတွင် စီစဉ်ထားသောပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များဆောင်ရွက်ရန်အတွက် ယင်းဆုံးဖြတ်ချက်ကိုချမှတ်ခဲ့ကြောင်း အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

ယင်းတားမြစ်ချက်သည် ရုရှားမှ ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)အဖွဲ့ဝင်နိုင်ငံများနှင့် အစိုးရချင်းသဘောတူညီချက်ဖြင့် အခြားပြည်ပနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအတွက် တင်ပို့သည့်လောင်စာဆီများအပေါ် အကျုံးဝင်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။

ဩဂုတ်လ ၉ ရက်အထိ ရုရှားစွမ်းအင်ဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ ရုရှားနိုင်ငံသည် ဓာတ်ဆီ အရန်တန်ချိန် ၂ ဒသမ ၀၃ သန်းသိုလှောင်ထားပြီး ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချမှုသည် ယခင်နှစ်ထက် ၅ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်တည်ငြိမ်စေရန် ရုရှားအစိုးရသည် ဓာတ်ဆီတင်ပို့မှုတားမြစ်ချက်ကို ကျင့်သုံးလျက်ရှိသဖြင့် အဆိုပါကန့်သတ်ချက်ကြောင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း ကျွမ်းကျင်သူများမှ သုံးသပ်ထားသည်။

Source : https://tass.ru/ekonomika/21601005, (ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_23082024_14:54

## အမေရိကန်စားသုံးသူများကသတိထား၍ ငွေကြေးသုံးစွဲလာကြသဖြင့် စီးပွားရေးကျဆင်းမှုအလားအလာမြင့်တက်လာခဲ့

အမေရိကန်စားသုံးသူများက သတိထား၍ ငွေကြေးသုံးစွဲလာကြသဖြင့် စီးပွားရေးကျဆင်းမှုအလားအလာမြင့်တက်လာခဲ့ကြောင်း The New York Times အွန်လိုင်းသတင်း၌ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် “Recession Risks Rise as Consumers Turn Cautious” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါကာလနောက်ပိုင်း အမေရိကန်စီးပွားရေး ပြန်လည်နာလည်ထူလာစေရန် စားသုံးသူများ၏ ငွေကြေးသုံးစွဲမှုကို များစွာပံ့ပိုးပေးနိုင်ခဲ့ပြီး ယခုအခါ စားသုံးသူများ၏ သုံးစွဲရန်ငွေကြေးလျော့နည်းလာသည်ကို စီးပွားရေးလုပ်ငန်းများကလည်း သတိထားမိလာကြောင်း၊ ကမ္ဘာ့စီးပွားရေးအခြေအနေ ပျက်ယွင်းလာခဲ့သော်ငြားလည်း စီးပွားရေးပညာရှင်အများအပြားက လက်ရှိအခြေအနေသည် အထိတ်တလန့် ဖြစ်ရန်မလိုသေးကြောင်း၊ ဇူလိုင်လအတွင်း ထုတ်ပြန်ခဲ့သည့် အလုပ်လက်မဲ့နှုန်းသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလနောက်ပိုင်းတွင် အမြင့်ဆုံးဖြစ်ခဲ့သော်လည်း စားသုံးသူများ၏ ငွေကြေးသုံးစွဲမှုသည် အတော်အသင့်တိုးတက်နေကြောင်း၊ လုပ်ခလစာတိုးနှုန်း နှေးကွေးလျက်ရှိသော်လည်း ဆက်လက်တိုးတက်လျက်ရှိကြောင်း၊ လုပ်ခလစာနည်းသည့် စားသုံးသူများအနေဖြင့် ဈေးနှုန်းမြင့်မားခြင်းနှင့် မြင့်မားသည့် အတိုးနှုန်းများအကြား ငွေကြေးသုံးစွဲရန် ချိန်ဆလျက်ရှိကြောင်း၊ အကြွေးဝယ်ကတ်အတွက် ပေးချေရမည့်ငွေကြေးကို ပေးချေနိုင်မှုမရှိသည့် အရေအတွက်မြင့်တက်လာခဲ့သကဲ့သို့ အိမ်ထောင်စုများကြွေးမြီ ပိုများလာခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း အမေရိကန်နိုင်ငံသားများသည် အခွန်ပေးဆောင်ပြီးနောက် ဝင်ငွေ၏ ၃ ဒသမ ၄ ရာခိုင်နှုန်းကိုသာ စုဆောင်းနိုင်ခဲ့ကြကြောင်း၊ အမေရိကန်နိုင်ငံသားများအနေဖြင့် ယခင်နှစ်ကာလတူတွင် ၄ ဒသမ ၈ ရာခိုင်နှုန်း စုဆောင်းနိုင်ခဲ့သဖြင့် ငွေကြေးစုဆောင်းနိုင်မှု ၁ ဒသမ ၄ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်း သိရသည်။

ဒုတိယသုံးလပတ်အကုန်တွင် McDonald ကုမ္ပဏီ၏ တစ်ကမ္ဘာလုံးရှိရောင်းအားသည် တစ် ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဈေးသက်သာသည့် အစားအစာတစ်နပ်ကို အမေရိကန်ဒေါ်လာ ၅ ဒေါ်လာဖြင့် ရောင်းချရန် စားသုံးသူများသို့ ဆွဲဆောင်လျက်

ရှိသကဲ့သို့ အခြားလူသိများသည့် အသင့်စား အစားအစာတံဆိပ်များမှာလည်း အလားတူ ရောင်းအားမြင့်တင်နေရကြောင်း၊ Burger King ဆိုင်များတွင်လည်း “Your Way Meal” တစ်နပ်စာကို အမေရိကန်ဒေါ်လာ ၅ ဒေါ်လာဖြင့် ရောင်းချလျက်ရှိကြောင်း၊ ဈေးဝယ်သူများအနေဖြင့် ဈေးသက်သာသည့်ကုန်ပစ္စည်းများကို ဝယ်ယူလာကြပြီး ဈေးနှုန်းမြင့်မားသည့် ကုန်ပစ္စည်းများကို ဝယ်ယူမှုကျဆင်းလာခဲ့သည်ဟု Amazon မှ Mr. Olsavsky က ပြောကြားခဲ့ကြောင်း၊ လူသိများသည့် Macy စတိုးဆိုင်ကုမ္ပဏီနှင့် Gap အမှတ်တံဆိပ်အဝတ်အထည်ကုမ္ပဏီတို့ကလည်း ဝယ်ယူစားသုံးသူများအနေဖြင့် ဖိအားများနှင့်ကြုံတွေ့လျက်ရှိပြီး ကုန်ပစ္စည်းများဝယ်ယူရာတွင် သတိထားပြီးရွေးချယ်လာခဲ့ကြသည်ဟုဆိုကြောင်း၊ ထို့ပြင် Walmart ကလည်း ငွေကြေးဖောင်းပွမှုကာလအတွင်း Gluten-free crackers နှင့် coconut-lime sparkling water စသည့် (A revamped private-label food line) စားသောက်ကုန်များကို ဝင်ငွေမြင့်မားသည့် ဈေးဝယ်သူများ ဆက်လက်ဝယ်ယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အမှန်တကယ်တွင် ယင်းစားသောက်ကုန် ၇ဝ ရာခိုင်နှုန်း၏ ဈေးနှုန်းများမှာ အမေရိကန်ဒေါ်လာ ၅ အောက်သာရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ဇူလိုင်လတွင် အလုပ်လက်မဲ့နှုန်း ၃ ဒသမ ၄ ရှိသည်ဟု ထုတ်ပြန်ခဲ့ပြီး နောက်ပိုင်းတွင် နိုင်ငံသားများအနေဖြင့် စီးပွားရေးကျဆင်းမှု (Recession) ဖြစ်လာမည်ကို စိုးရိမ်လာခဲ့ကြသည်ကိုတွေ့ရသည်။ စီးပွားရေးတိုးတက်ကောင်းမွန်လာစေရေးအတွက် စားသုံးသူများ ငွေကြေးသုံးစွဲမှုသည် အဓိကအရေးကြီးပြီး စီးပွားရေးတိုးတက်ရန် တွန်းအားတစ်ရပ်ဖြစ်ပါသဖြင့် အမေရိကန်နိုင်ငံ၏ ယခုကဲ့သို့သောအချိန်ကာလတွင် စားသုံးသူများငွေကြေးသုံးစွဲလာစေရန် စီးပွားရေးလုပ်ငန်းများအနေဖြင့် အရောင်းမြင့်တင်နိုင်မည့် နည်းလမ်းများ အသုံးပြုလျက် စားသုံးသူများ၏ ငွေကြေးသုံးစွဲမှု တက်လာရန် တိုးမြှင့်လုပ်ဆောင်ရန်သင့်ကြောင်း သုံးသပ်ရသည်။ (စီးပွားရေးသံမှုး၊ ဝါရှင်တန်ဒီစီ)

Source:[https://myantrade.gov.mm/article/Naypyitawstp_090820240200](https://myantrade.gov.mm/article/Naypyitawstp_090820240200)

## ထိုင်းနိုင်ငံ၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက တရုတ်မှတင်သွင်းလာသော အလူမီနီယံချောင်းများအား စုံစမ်းစစ်ဆေးမှု ဆောင်ရွက်သွားရန်ရှိ

ထိုင်းနိုင်ငံအတွင်းသို့ တရုတ်မှတင်သွင်းလာသော အလူမီနီယံချောင်းများ၏ Anti-dumping ဆိုင်ရာ စုံစမ်းစစ်ဆေးမှုကို ထိုင်းနိုင်ငံ၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနကဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စုံစမ်းစစ်ဆေးမှုဆောင်ရွက်ရခြင်းမှာ တင်သွင်းမှုမြင့်တက်လာခြင်းကြောင့် ပြည်တွင်းထုတ်လုပ်မှုကို ထိခိုက်စေသည်ဟု ပြည်တွင်းသံမဏိထုတ်လုပ်သူများ၏တိုင်ကြားချက်များကြောင့်ဖြစ်ကြောင်း အိမ်စောင့်အစိုးရစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mr. Phumtham Wechayachai က ပြောကြားခဲ့သည်။

တရုတ်သွင်းကုန်များ ထိုင်းနိုင်ငံအတွင်းသို့ အများအပြားဝင်ရောက်လာမှုကို ဖြေရှင်းရန်မူဝါဒများနှင့် အစီအမံများအစဉ်လိုက်ဆောင်ရွက်ရန် သက်ဆိုင်ရာဦးစီးဌာနများကို လမ်းညွှန်မှာကြားခဲ့ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းစက်ရုံများကို ခြိမ်းခြောက်မှုရှိလာနိုင်သည့် သွင်းကုန်များအတွက် Anti-dumping၊ Countervailing နှင့် Safeguard စသည့် ကုန်သွယ်ရေးဆိုင်ရာထုံးတမ်းများကို ရှာဖွေလျက်ရှိကြောင်း၊ Anti-dumping တွင် Anti-dumping အခွန်များပါဝင်ပြီး တရုတ်၊ ထိုင်ဝမ်၊ ဂျပန်၊ အီးယူ၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်တို့မှ ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် သံမဏိထုတ်ကုန်များအပေါ် ကောက်ခံသည့်ပိုမိုမြင့်မားသော အကောက်ခွန်နှုန်းထားဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအတွင်းသို့ တရုတ်မှ တင်သွင်းလာသော အလူမီနီယံချောင်းများအပေါ် Anti-dumping ဆိုင်ရာ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်သွားမည်ဖြစ်ပြီး ၉ လကြာမြင့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အလူမီနီယံချောင်းများ အစုလိုက်အပြုံလိုက်ဖြစ်နေသည်ဟု စစ်ဆေးတွေ့ရှိပါက ဝန်ကြီးဌာနအနေဖြင့် သွင်းကုန်များအပေါ် Anti-dumping အခွန်ကို ၅ နှစ်ကြာကောက်ခံသွားမည်ဖြစ်ပြီး အစီအမံများကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း၊ ကနဦး ၅ နှစ်ပြီးနောက် အစုလိုက်အပြုံလိုက်အခြေအနေ ဆက်လက်ဖြစ်ပေါ်နေပါက Anti-dumping အခွန်ကို နောက်ထပ် ၅ နှစ်ထပ်မံကောက်ခံသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းသံမဏိထုတ်လုပ်သူများကိုကာကွယ်ရန်နှင့် အမေရိကန်-တရုတ် ကုန်သွယ်ရေးပဋိပက္ခမှ အကာအကွယ်ဖြစ်စေရန် ထိုင်းနိုင်ငံသည် ၂၀၂၃ ခုနှစ်မှစ၍ Anti-dumping အခွန်ကို ကိစ္စရပ် ၂၀ ခုပေါ်တွင် ကောက်ခံခဲ့ကြောင်း သိရသည်။

ကုန်သွယ်ရေးပဋိပက္ခဖြစ်ပွားပြီးနောက် အမေရိကန်သည် တရုတ်သံမဏိထုတ်ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းကြောင့် တရုတ်၏ ပို့ကုန်များကျဆင်းမှုကို ခုခံနိုင်ရေးအတွက် အခြားဈေးကွက်များကို ရှာဖွေလာခဲ့ရာ တရုတ်သံမဏိထုတ်ကုန်များသည် ထိုင်းနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အစုလိုက်အပြုံလိုက်ဖြစ်နေကြောင်း၊ ယင်းသည် ပြည်တွင်းသံမဏိလုပ်ငန်းရှင်များကို စိုးရိမ်မှုဖြစ်စေကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

Anti-dumping အခွန်ကောက်ခံလျက်ရှိသည့် ကိစ္စရပ် ၂၀ ခုအပြင် တရုတ်မှတင်သွင်းလာသော အအေးလျှော့ကာဗွန်သံမဏိ (ကွိုင်နှင့် ကွိုင်မပါ) တို့အပြင် တရုတ်၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်တို့မှ တင်သွင်းလာသော သံမဏိအပူလိပ်ပြား၊ သံမဏိ tube နှင့် ပိုက်များအပေါ် Anti-dumping အခွန် ကောက်ခံနိုင်ရေး စဉ်းစားလျက်ရှိကြောင်း သိရသည်။

Source: www.bangkokpost.com , သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/NayPyitaw-220820241034

## နိုင်ငံခြားကုန်သွယ်မှုနှေးကွေးနေချိန်တွင် ဂျာမန်စက်မှုလုပ်ငန်းများ၌ အော်ဒါများကျဆင်း

ဂျာမနီနိုင်ငံ၏ စီးပွားရေးသည် လေးကန်ထိုင်းမှိုင်းနေဆဲဖြစ်ကြောင်း The Federal Statistical Office (Destatis)မှ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် ထုတ်ပြန်သော ကိန်းဂဏန်းများက ဖော်ပြနေသည်။

စက်မှုလုပ်ငန်းများ၏အော်ဒါရရှိမှုသည် ဇွန်လထိ ၆ လဆက်တိုက် ကျဆင်းခဲ့ရုံမျှမက ပို့ကုန်နှင့်သွင်းကုန် နှစ်မျိုးစလုံးမှာလည်း နှစ်အလိုက် နှိုင်းယှဉ်ပါက ပထမနှစ်ဝက်တွင် များစွာကျဆင်းခဲ့ကြောင်း သိရသည်။

ဂျာမန်ထုတ်လုပ်သူများအနေဖြင့် ဈေးနှုန်းများ ချိန်ညှိထားသော်လည်း ယခင်လနှင့် နှိုင်းယှဉ်ပါက ဇွန်လ တွင် အော်ဒါရရှိမှု သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် ယခင်နှစ် ဇွန်လကထက် ၆ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းသွားကြောင်း Destatis မှ ပြောကြားခဲ့သည်။ ထိခိုက်မှုအများဆုံးကဏ္ဍများမှာ စက်မှုအင်ဂျင်နီယာပိုင်းဆိုင်ရာကဏ္ဍနှင့် မော်တော်ကားလုပ်ငန်းတို့ဖြစ်ကြပြီး မေလနှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၉ ရာခိုင်နှုန်းနှင့် သုည ဒသမ ၇ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်ထုတ်လုပ်မှုကဏ္ဍတွင်မူ ၁၇ လဆက်တိုက် ကျဆင်းခဲ့သည်ကိုတွေ့မြင်နိုင်ပေသည်။ ဇွန်လတွင် ပြည်တွင်းမှ အပြီးသတ်မပြုလုပ်ရသေးသော မှာယူမှုများ သုည ဒသမ ၆ ရာခိုင်နှုန်းခန့် တိုးတက် လာခဲ့ရာ ယင်းမှာ ပြီးခဲ့သည့် ၄ လအတွင်း ပထမဆုံး မြင့်တက်မှုဖြစ်ခဲ့ပြီး၊ တစ်ဖက်တွင်မူ ပြည်ပမှ မှာယူမှုများမှာ သုည ဒသမ ၇ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် ပို့ကုန်နှင့်သွင်းကုန်နှစ်မျိုးစလုံးကျဆင်းခဲ့ရာ ပို့ကုန်သည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့၍ ပမာဏအားဖြင့် ယူရို ၈၀၁ ဒသမ ၇ ဘီလီယံသာရှိခဲ့ရာ သွင်းကုန်မှာ နှစ်အလိုက် ၆ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့၍ ပမာဏအားဖြင့် ယူရို ၆၆၂ ဒသမ ၈ ဘီလီယံသို့ ရောက်ရှိသွားခဲ့သည်။

ပို့ကုန်ကျဆင်းမှုကို ဂျာမနီနိုင်ငံ၏အဓိကကျသော စက်မှုကဏ္ဍအချို့တွင် သိသာထင်ရှားစွာတွေ့မြင်နိုင်သည်။ မော်တော်ကားနှင့် ကားအစိတ်အပိုင်းများ တင်ပို့မှုတွင် ၂ ဒသမ ၄ ရာခိုင်နှုန်း၊ စက်ယန္တရားပစ္စည်းများ တင်ပို့မှုတွင် ၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဓာတုပစ္စည်းများတင်ပို့မှုတွင် ၄ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

သို့သော်လည်း မော်တော်ကားကဏ္ဍအတွက် အကြီးမားဆုံးသော ကုန်သွယ်မှုပိုငွေအဖြစ် ယူရို ၆၂ ဒသမ ၃ ဘီလီယံနှင့် စက်ယန္တရားပစ္စည်းများအတွက် ကုန်သွယ်မှုပိုငွေ ယူရို ၅၉ ဒသမ ၇ ဘီလီယံရှိခဲ့ကြောင်းနှင့် တစ်ဖက်တွင်မူ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုန်သွယ်မှု၌ ယူရို ၃၂ ဒသမ ၅ ဘီလီယံနှင့် စိုက်ပျိုးရေးထွက်ကုန် များ၌ ယူရို ၁၃ ဒသမ ၉ ဘီလီယံ အသီးသီး သွင်းကုန်ပိုလျှံငွေပြခဲ့ကြောင်းသိခဲ့ရသည်။

ထို့ပြင် အမေရိကန်နိုင်ငံသည် ဂျာမန်ကုန်ပစ္စည်းများကို ပြင်သစ်နှင့် နယ်သာလန်တို့ထက်ပင် အများဆုံးဝယ်ယူသူဖြစ်သော်လည်း ဂျာမနီသို့ တင်သွင်းမှုအများစုမှာမူ တရုတ်နိုင်ငံမှဖြစ်ကြောင်း ဖော်ပြထားသည်။

Source: https://www.dw.com/en/german-industrial-orders-fall-amid-sluggish-foreign-trade/a-69978324

ဒေါ်သန္တာစော၊ စီးပွားရေးသံမှူး၊ ဘာလင်

Source: https://myantrade.gov.mm/article/Naypyitawstp_230820240315

## အိန္ဒိယနိုင်ငံသည် သဘာဝရော်ဘာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပြီး ဈေးနှုန်းများမြင့်တက်လျက်ရှိ

အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာပြည်တွင်းထုတ်လုပ်မှုသည် သုံးစွဲမှုလိုအပ်ချက်ထက် တန်ချိန် ၅ ဒသမ ၅ သိန်းခန့် လျော့နည်းသဖြင့် သိသိသာသာပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း၊ သဘာဝရော်ဘာထုတ်လုပ်မှုသည် ၂၀၂၂-၂၃ ခုနှစ်တွင် တန်ချိန် ၈ ဒသမ ၃၉ သိန်းမှ ၂၀၂၃-၂၄ ခုနှစ်တွင် တန်ချိန် ၈ ဒသမ ၅၇ သိန်း အထိ တိုးလာခဲ့ သော်လည်း သုံးစွဲမှုမှာ တန်ချိန် ၁၃ ဒသမ ၅ သိန်းမှ ၁၄ ဒသမ ၁၆ သိန်းအထိတိုးလာသဖြင့် ကြီးမားသော လိုအပ်ချက်ကိုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ဤအခြေအနေတွင် အကောက်ခွန်မြင့်မားမှုကြောင့် တင်သွင်းရာတွင် စိန်ခေါ်မှုများဖြစ်ပေါ်နေပြီး ဈေးနှုန်းများမြင့်တက်လာကာ သဘာဝရော်ဘာအပေါ် မှီခိုနေရသည့် စက်မှုလုပ်ငန်းများအတွက် အကြပ်အတည်းများဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

အိန္ဒိယနိုင်ငံလုံးဆိုင်ရာရော်ဘာစက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (All India Rubber Industries Association-AIRIA) ၏ဥက္ကဋ္ဌဖြစ်သူ Shashi Singh က ပြည်တွင်းထုတ်လုပ်မှုမလုံလောက်မှုကြောင့် အိန္ဒိယနိုင်ငံသည် သဘာဝရော်ဘာ

တင်သွင်းမှုအပေါ် သမိုင်းကြောင်းအရမှီခိုနေရကြောင်း၊ သဘာဝရော်ဘာ တင်သွင်းမှုတွင် အခက်အခဲတစ်ခုမှာ အကောက်ခွန် ၂၅ ရာခိုင်နှုန်း (သို့မဟုတ်) တစ်ကီလိုလျှင် ရူပီး ၃၀ မှ များသည့် ပမာဏအားကောက်ခံခြင်းဖြစ်ကြောင်း၊ အခြားအခက်အခဲတစ်ခုမှာ ရော်ဘာအားဈေးကွက်အတွင်း ရရှိနိုင်မှုဆိုင်ရာကိစ္စရပ်ဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင် တရုတ်က ရော်ဘာအားစုဆောင်းနေပြီး သဘာဝရော်ဘာ တင်ပို့ရောင်းချသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တည်ငြိမ်မှုရှိမနေကြောင်း၊ ယင်းကြောင့် သဘာဝရော်ဘာဈေးနှုန်းမှာ လျင်မြန်စွာမြင့်တက်လာခဲ့ကြောင်း၊ လက်ရှိဈေးနှုန်းသည် ၁၅ နှစ်အတွင်း အမြင့်ဆုံးဖြစ်ပြီး တစ်ကီလိုဂရမ်လျှင် ၂၄၇ ရူပီးဖြစ်နေကြောင်း၊ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် သဘာဝရော်ဘာ တစ်ကီလိုဂရမ်လျှင် ၁၈၂ ရူပီးသာရှိခဲ့သဖြင့် လေးလအတွင်းမှာ နှစ်ဆနီးပါးမြင့်တက်သွားခဲ့ကြောင်း ပြောကြားခဲ့သည်။

သဘာဝရော်ဘာထုတ်လုပ်မှုအတွက် စိန်ခေါ်မှုအခက်အခဲများကို ဆက်လက်ပြောကြားရာတွင် ပြင်းထန်သော မုတ်သုံရာသီကြောင့် အစေးခြစ်သည့်လုပ်ငန်းများ ကျဆင်းခြင်းနှင့် သွင်းကုန်ကျဆင်းခြင်းတို့ကြောင့် သဘာဝရော်ဘာရရှိနိုင်မှုမှာ သေချာမှုမရှိကြောင်း၊ ယင်းကြောင့် သဘာဝရော်ဘာအပေါ်တွင် မှီခိုနေသော စက်မှုလုပ်ငန်းများအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် သဘာဝရော်ဘာ၏ ၇၀ ရာခိုင်နှုန်းခန့်ကို တာယာလုပ်ငန်းမှ အသုံးပြုလျက်ရှိပြီး၊ ကျန် ၃၀ ရာခိုင်နှုန်းကို တာယာမဟုတ်သော ကုမ္ပဏီများ၊ အသေးစားနှင့် အငယ်စားလုပ်ငန်းများက အသုံးပြုလျက်ရှိကြောင်း၊ လက်အိတ်နှင့် ပူဖောင်းပြုလုပ်ရာတွင် အသုံးပြုသည့် ရော်ဘာစေးတင်သွင်းရာတွင် အခွန် ၇၅ ရာခိုင်နှုန်းကောက်ခံသည့်အတွက် ကုန်ကြမ်းပြတ်လပ်မှုရှိနေကြောင်း၊ သို့ရာတွင် တင်သွင်းလာသည့် မွေ့ရာ၊ ပူဖောင်းနှင့် ခွဲစိတ်ခန်းသုံးလက်အိတ်များမှာ အခွန် ၁၀ ရာခိုင်နှုန်းသာရှိသဖြင့် အဆိုပါကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်မှုထက် ပြည်ပမှတင်သွင်းရန် တွန်းအားပေးနေသကဲ့သို့ဖြစ်နေကြောင်း၊ အဆိုပါကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ရော်ဘာစက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(AIRIA)နှင့် မော်တော်ကားတာယာထုတ်လုပ်သူများအသင်း(ATMA)တို့သည် ကုန်ကြမ်းတင်သွင်းမှုအကြပ်အတည်းဆိုင်ရာအကြံပြုချက်အား အစိုးရထံတင်ပြထားကြောင်း၊ ယခုအခါ သဘာဝရော်ဘာထုတ်လုပ်မှုအား မြင့်တင်ရန်အတွက် ဒုတိယအများဆုံးထုတ်လုပ်သည့် ပြည်နယ်များဖြစ်သည့် တြိပူရနှင့် ကီရာလာတို့အပြင် အခြားဒေသများတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း Singh က ပြောကြားထားသည်။

သဘာဝရော်ဘာကို မှီခိုနေသော ပြည်တွင်းစက်မှုလုပ်ငန်းများကို ပံ့ပိုးကူညီရန်အတွက် သွင်းကုန်စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ရေးအတွက်လည်း မျှတသောချဉ်းကပ်မှုများလိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်ကိုလည်း တွေ့ရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ရော်ဘာသုံးစွဲမှုမြင့်မားလာမှုနှင့်အတူ ပြည်တွင်းဈေးကွက်လိုအပ်ချက်အတွက် ပြည်ပမှတင်သွင်းရာတွင်ကောက်ခံသည့် အခွန်နှုန်းထားများလျှော့ပေါ့ပေးမည့် အလားအလာများ ရှိနေသည်။

Source: India facing acute shortage of natural rubber, prices soar, The Economic Times, 16 August 2024.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_23082024_15:25

## ထိုင်းနိုင်ငံ၊ Krungsri (Bank of Ayudhya PCL) က ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့နိုင်ရေးအတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပြောင်းလဲမှုချေးငွေကို ထုတ်ပြန်ကြေညာခဲ့

ထိုင်းနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍကို ရေရှည်တည်တံ့သော အနာဂတ်ဖြစ်လိုသည့် ထိုင်းဘဏ်(ဗဟိုဘဏ်)၏ ရည်မှန်းချက်နှင့်ကိုက်ညီစေရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှုသို့ပြောင်းလဲမည့် လုပ်ငန်းများအတွက် အထောက်အပံ့ပေးရန် ထိုင်းနိုင်ငံ၊ Krungsri (Bank of Ayudhya PCL) က ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့နိုင်ရေး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပြောင်းလဲမှု ချေးငွေအစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ ချေးငွေသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို စီးပွားရေးစက်ဝန်း (Circular Economy) သဘောတရားကို အခြေခံသည့်ရေရှည်တည်တံ့သော အလေ့အကျင့်များသို့ ကူးပြောင်းရာတွင် လွယ်ကူချောမွေ့စေရန် ဖြစ်ကြောင်း၊ ၁၀ နှစ်ကြာမြင့်မည့် ချေးငွေဖြစ်ပြီး ပထမ ၂ နှစ်အတွက် အတိုးနှုန်းမှာ အထူးနှုန်းသေ ၃ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို လျှော့ချ၍ အမှိုက်စီမံခန့်ခွဲမှုနှင့် စွန့်ပစ်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် သန့်ရှင်းသောစွမ်းအင်သို့ ပြောင်းလဲရန်အတွက် ရန်ပုံငွေစီမံကိန်းဖြစ်ကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ရန်မှာ အခြားသောအရာများထက် အရေးကြီးပါကြောင်း၊ ဘဏ် အနေဖြင့် ကာဗွန်ပျက်ပြယ်မှုအောင်မြင်ရန်အတွက် ကတိကဝတ်ပြုထားပြီး ထိုင်းနိုင်ငံ၏ ရေရှည်တည်တံ့ဆုံး စီးပွားရေးဘဏ်များထဲမှ တစ်ခုဖြစ်ရန် မှန်းထားကြောင်း၊ Krungsri သည် အသုံးပြုသူများကို ဘဏ္ဍာရေး ဝန်ဆောင်မှုပေးရုံသာမက အစိမ်းရောင်စီးပွားရေးသို့

ပြောင်းလဲရန်အတွက် လမ်းပြပေးကြောင်း၊ ဈေးငွေအစီအစဉ်သည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရေရှည်တည်တံ့သော အလေ့အကျင့်များလက်ခံရာတွင် အထောက်အကူပြုမည့် ဈေးငွေကန့်သတ်ချက်များနှင့် သာလွန်သည့် အတိုးနှုန်းထားများ ပေးထားကြောင်း Krungsri ဥက္ကဋ္ဌ Mr. Kenichi Yamato က ပြောကြားခဲ့သည်။

ဈေးငွေသည် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှုအတွက် ၎င်းတို့၏ လုပ်ငန်းများတွင် မြှင့်တင်ရန် သို့မဟုတ် ရင်းနှီးမြှုပ်နှံမည့် ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ၏ ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချ၍ သန့်ရှင်းသော စွမ်းအင်သို့ ပြောင်းလဲရာတွင် လွယ်ကူချောမွေ့စေရန်ဖြစ်ကြောင်း၊ စီမံကိန်းတွင်ပါဝင်သောလုပ်ငန်း ဥပမာများမှာ လျှပ်စစ်မော်တော်ကား အားသွင်းစက်များ တပ်ဆင်ခြင်း၊ ဝယ်ယူခြင်း၊ စွမ်းအင်ဖူလုံသော စက်ရုံများ တည်ဆောက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း၊ ရေဆိုးရေညစ်များကို ပြန်လည်ပြုပြင်သည့်ပစ္စည်းများတွင် ရင်းနှီး မြှုပ်နှံခြင်းနှင့် အမှိုက်စက်ဝန်း စီမံခန့်ခွဲမှုစနစ်ကျင့်သုံးခြင်းတို့ဖြစ်ကြောင်း Krungsri SME Banking Group အကြီးတန်းအရာရှိ Ms. Duangkamol Limpuangthip က ဖြည့်စွက် ပြောကြားခဲ့သည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက် ရေရှည်တည်တံ့သော ရန်ပုံငွေ ကို ၂၀၂၄ ခုနှစ်တွင် ဘတ် ၄,၅၀၀ သန်းကျော်သို့ ရောက်ရှိရန် ဦးတည်ထားကြောင်း၊ ကာဗွန်လျှော့နည်းလုပ်ငန်းများသို့ ပြောင်းလဲရာ၌ ဘဏ္ဍာငွေ ထောက်ပံ့မှုအပြင် ဗဟုသုတများနှင့် အကြံဉာဏ်များကို Krungsri ပလက်ဖောင်းများမှ တစ်ဆင့် မျှဝေပေးလျက်ရှိကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးစက်ဝန်း သဘောတရားများမှတစ်ဆင့် ရေရှည်တည်တံ့သော စီးပွားရေး လုပ်ငန်းများဖြစ်စေရုံသာမက ထိုင်းနိုင်ငံအစိုးရ၏ နိုင်ငံတကာစင်မြင့်ထက်တွင် ကတိကဝတ်ပြုခဲ့သော ၂၀၅၀ ပြည့်နှစ်တွင် အစိမ်းရောင်ဖန်လုံအိမ်ဓာတ်ငွေ့ လုံးဝထုတ်လွှတ်မှုမရှိသည့် ဦးတည်ချက်ကို အောင်မြင်နိုင်ရေးအတွက်လည်း အထောက်အကူ ပြုရာရောက်ကြောင်း Ms. Duangkamol က ပြော ကြားခဲ့သည်။

Source: www.bangkokpost.com ,သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/NayPyitaw-200820240938

## ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် ခွင့်ပြုပေးထားသည့် စားသုံးခွန် ကင်းလွတ်ခွင့်ကို ပြန်လည်ပြင်ဆင်သွားမည်

ကုန်စည်များဝယ်ယူပြီး ပြည်တွင်း၌ပြန်လည်ရောင်းချခြင်းကိုကာကွယ်နိုင်ရန်အတွက်နိုင်ငံခြားသားခရီးသွားဧည့်သည်များအား ခွင့်ပြုပေးထားသည့်စားသုံးခွန်ကင်းလွတ်ခွင့်ကို ပြန်လည်ပြင်ဆင်သွားရန် စီစဉ်လျက်ရှိသည်။

အဆိုပါသတင်းတွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များအနေဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွာချိန်တွင် ၎င်းတို့ ဝယ်ယူထားသည့်ပစ္စည်းများကို ၎င်းတို့နှင့်အတူ အမှန်တကယ်ယူဆောင်သွားကြောင်း အတည်ပြုပြီးနောက်မှသာ ဂျပန်အစိုးရအနေဖြင့် အခွန်ပြန်အမ်းငွေပြန်လည်ထုတ်ပေးမည့် အခွန်ကင်းလွတ်ခွင့်စနစ်ကို ပြောင်းလဲကျင့်သုံးရန် ဂျပန်အစိုးရနှင့် ဂျပန်နိုင်ငံ၏ အာဏာရပါတီဖြစ်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီတို့က စီစဉ်လျက်ရှိကြောင်း ဖော်ပြထားသည်။

အဆိုပါစနစ်သစ်ကို မည်သည့်အချိန်တွင် စတင်ကျင့်သုံးမည့်အချက်အပါအဝင် စနစ်သစ်နှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များကို ၂၀၂၄ ခုနှစ်၊ နှစ်ကုန်တွင် ထုတ်ပြန်မည့် ၂၀၂၅ ဘဏ္ဍာနှစ်၊ နှစ်စဉ် အခွန်စနစ်ပြုပြင်ပြောင်းလဲမှုစီမံချက်များတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်း၌သုံးစွဲသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ် စားသုံးခွန်ကောက်ခံလျက်ရှိကြောင်း၊ ပြည်ပတွင် အသုံးပြုမည့်ကုန်စည်များကို စားသုံးခွန်ကင်းလွတ်ခွင့်ပြုလျက်ရှိကြောင်း၊ ထို့ကြောင့်ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်းနှင့်သုံးစွဲခြင်းတို့အတွက် စားသုံးခွန်ကင်းလွတ်ခွင့်ရရှိမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံ၏အခွန်ကင်းလွတ်ခွင့်စနစ်မှာ စားသုံးခွန်ကို ထည့်သွင်းတွက်ချက်ခြင်းမပြုဘဲ ကုန်စည်များကို အခွန်မပါ နှုန်းထားဖြင့်ဝယ်ယူခွင့်ရှိကြောင်း၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များအနေဖြင့် အခွန်လွတ်ဈေးဆိုင်များတွင် နိုင်ငံကူး လက်မှတ်ပြသ၍ အခွန်ကင်းလွတ်ခွင့်ရရှိနိုင်ကြောင်း၊ နိုင်ငံခြားသားဧည့်သည်များအနေဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွာချိန်တွင် ၎င်းတို့ဝယ်ယူထားသည့်ကုန်စည်များအား အမှန်တကယ်ယူဆောင်သွားခြင်းရှိ-မရှိကို အခွန်လွတ် ဈေးဆိုင်များမှရရှိထားသည့် ဝယ်ယူမှုအထောက်အထားများပေါ်မူတည်၍ ဂျပန်အကောက်ခွန်အနေဖြင့် စစ်ဆေးလျက်ရှိကြောင်း ဖော်ပြထားသည်။

သို့သော် နိုင်ငံခြားသားခရီးသွားဧည့်သည်များမှာ အကောက်ခွန်စစ်ဆေးမှုကို ခံယူခြင်းမရှိကြကြောင်း၊ ၂၀၂၂ ဘဏ္ဍာနှစ် တွင် တစ်ဦးလျှင် အနည်းဆုံး ယန်းသန်း ၁၀၀ တန်ဖိုးရှိ ကုန်စည်များကို အခွန်ကင်းလွတ်ခွင့်ဖြင့် ဝယ်ယူခဲ့သည့် ခရီးသွား ဧည့်သည် ၅၇ ဦးကို စစ်ဆေးခဲ့ရာ၌ တစ်ဦးသာလျှင် ဂျပန်နိုင်ငံပြင်ပသို့ ဝယ်ယူထားသည့် ကုန်စည်များ ယူဆောင်သွားသည် ကိုတွေ့ရှိခဲ့ရကြောင်း၊ ကျန်ရှိသည့် ၅၆ ဦးအနက် ၅၅ ဦးမှာ အခွန်ပေးဆောင်ရမည်ဖြစ်သော်လည်း အခွန်မဆောင်ဘဲ နိုင်ငံ အတွင်းမှ ထွက်ခွာသွားခဲ့ခြင်းကြောင့် အခွန်မဆောင်သည့် ပမာဏမှာ ယန်း ၁ ဒသမ ၈၅ ဘီလီယံရှိခဲ့ကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် ဂျပန်အစိုးရနှင့် အာဏာရပါတီတို့အနေဖြင့် အခွန်ကင်းလွတ်ခွင့်စနစ်ကို ပြောင်းလဲလိုခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များက ကုန်စည်များဝယ်ယူရာတွင် အခွန်ပါတွက်ချက်ပေးဆောင်စေပြီး၊ ဂျပန်နိုင်ငံမှ ၎င်းတို့ အမှန်တကယ်ထွက်ခွာသည့်အချိန်မှသာ အကောက်ခွန်ဌာနတွင် အခွန်ပြန်အမ်းငွေထုတ်ယူနိုင်မည့်စနစ်သို့ ပြောင်းလဲလိုခြင်း ဖြစ်ကြောင်းနှင့် အခွန်ပြန်အမ်းငွေကိုလည်း Credit Card (သို့မဟုတ်) Electronic Money တို့ဖြင့်ပေးအပ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း ဖော်ပြထားသည်။ (သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့),Source: The Japan Times

Source: https://myantrade.gov.mm/article/STP(Ygn)_15082024_13:56

## အိန္ဒိယနိုင်ငံသည် နယူးဇီလန်မှ ကီဝီသီးတင်သွင်းခွန်ကို ၃၀ ရာခိုင်နှုန်းလျှော့ချ

အိန္ဒိယနိုင်ငံသည် ကီဝီသီးအပေါ်တင်သွင်းခွန်ကို ၃၀ ရာခိုင်နှုန်းလျှော့ချရန် နယူးဇီလန်၏တောင်းဆိုမှုကို သဘောတူညီခဲ့သည်။ နယူးဇီလန်သည် အိန္ဒိယနိုင်ငံမှ သရက်သီးများ၊ ငှက်ပျောသီးများနှင့် လတ်ဆတ်သော သလဲသီးများအတွက်လည်း ၎င်းတို့၏ဈေးကွက်ကို ဖွင့်လှစ်ပေးခဲ့သည်။ နယူးဇီလန်သည် ပန်းသီးကဲ့သို့သော သစ်သီးဝလံများကို တိုးမြှင့်ထုတ်လုပ်ရန် နည်းပညာများဖလှယ်ရာတွင်ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယနိုင်ငံ၏အဆိုပြုချက်ကိုအပြုသဘောဖြင့်တုံ့ပြန်ခဲ့သည်။ နယူးဇီလန်ဝန်ကြီးချုပ် အိန္ဒိယနိုင်ငံသို့ အောက်တိုဘာလတွင် လာရောက်သည့်အခါ သဘောတူညီချက်တစ်ရပ်လက်မှတ်ရေးထိုးနိုင်မည်ဟုမျှော်လင့်ထားကြသည်။

သို့သော်လည်း အိန္ဒိယနိုင်ငံအတွင်း၌ ကီဝီဧရိယာဟက်တာ ၆,၀၀၀ ခန့်အထိရှိပြီဖြစ်သောကြောင့် အိန္ဒိယနိုင်ငံမှ စိုက်ပျိုးသူများအတွက်ထိခိုက်နစ်နာမှုရှိနိုင်သောကြောင့်နယူးဇီလန်သွင်းကုန်ခွန်ကိုသိသိသာသာလျှော့ချနိုင်မည်မဟုတ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယနိုင်ငံမှ ကီဝီသီး တန်ချိန် ၅၀,၈၂၀ တင်သွင်း နိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၄၃,၂၇၀ သာတင်သွင်းနိုင်ခဲ့သည်။

ထိပ်တန်းသစ်သီးဝလံတင်သွင်းသူ Anil Dwivedi က ချီလီနိုင်ငံမှ ကီဝီသီးများကို အိန္ဒိယဦးစားပေး ကုန်သွယ်မှု သဘောတူညီချက်ကြောင့် ၁၅ ရာခိုင်နှုန်းအခွန်ဆောင်ရကြောင်း၊ ရလဒ်အနေဖြင့် နယူးဇီလန်ထက် ဈေးနှုန်းအသာစီးရကြောင်း ပြောကြားခဲ့သည်။ အိန္ဒိယနှင့် နယူးဇီလန်တို့သည် လွတ်လပ်သောသဘောတူညီချက် (FTA) ၂၀၁၀ ခုနှစ်တွင် ဧပြီလမှစတင်၍ ဆွေးနွေးခဲ့ကြပြီး ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒေလီမြို့၌ နောက်ဆုံး တရားဝင်ဆွေးနွေးပွဲများကျင်းပခဲ့သည်။ သို့သော်လည်း ကုန်သွယ်မှုပမာဏနည်းပါးခြင်းအပါအဝင် အကြောင်း အမျိုးမျိုးကြောင့် ဆွေးနွေးပွဲများကိုရပ်ဆိုင်းခဲ့ရသည်။

စေ့စပ်ညှိနှိုင်းမှုတွင် အဓိကအကျုံးဝင်သောကဏ္ဍများမှာ ကုန်စည်ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်ကိစ္စရပ်များ ပါဝင်သည်။ စေ့စပ်ညှိနှိုင်းမှုများကို နယူးဇီလန်မှတာဝန်ရှိသူများက မဖြစ်နိုင်သော စိန်ခေါ်မှုဟုဖော်ပြခဲ့သည်။ ကုန်သွယ်ရေး သဘောတူညီချက်ကို စေ့စပ်ညှိနှိုင်းရာတွင် ရှုပ်ထွေးမှုများကြောင့် သဘောတူညီချက်တစ်ခုရရှိရန် အခက်အခဲတချို့ရှိနေသည်ဟု ယင်းအချက်ကညွှန်ပြနေသည်။ Source : Finance.yahoo, Source: https://www.doca.gov.mm

Source:https://myantrade.gov.mm/article/naypyitaw_21082024_140

## ရိုးရာဈေးကွက်များထံမှ မှာယူမှုများမြင့်တက်လာမှုကြောင့် ၂၀၂၄ ခုနှစ်၏ ပထမလများတွင် ဗီယက်နမ်နိုင်ငံ သစ်လုပ်ငန်း ပြန်လည်နာလန်ထူလာသည့်လက္ခဏာပြ

ဗီယက်နမ်နိုင်ငံ၏ သစ်လုပ်ငန်းနယ်ပယ်သည် ၂၀၂၄ ခုနှစ်၏ ပထမလများတွင် ပြန်လည်နာလန်ထူလာသည့် လက္ခဏာများပြသခဲ့ပြီး အကယ်၍ ထိုအပေါင်းလက္ခဏာဘောင်သည် လမ်းကြောင်းဆက်လက်ရရှိမည်ဆိုပါက ယခုနှစ်အတွက် ချမှတ်ထားသည့် တင်ပို့ရန်ရည်မှန်းချက်ပြည့်မီမည်ဟုသိရသည်။ ဗီယက်နမ်နိုင်ငံ အကောက်ခွန်ဦးစီးဌာန၏အဆိုအရ ယခုနှစ်ပထမ ၇ လတွင် ဗီယက်နမ်နိုင်ငံ၏ သစ်တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံရှိခဲ့ပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၂၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။ အထူးသဖြင့် သစ်ထုတ်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၉ ဘီလီယံ ရရှိခဲ့ပြီး ၂၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ ကြောင်းသိရသည်။

ကျွမ်းကျင်သူများက ယခုကဲ့သို့မြင့်တက်လာမှုသည် ဗီယက်နမ်နိုင်ငံထံမှ အကြီးမားဆုံးသစ်နှင့်သစ်ထုတ်ကုန်တင်သွင်းသည့် အမေရိကန်ကဲ့သို့သော အဓိကဈေးကွက်များထံမှ ဝယ်လိုအားမြင့်တက်လာမှုကြောင့်ဖြစ် ကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံစက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ ၏စုစုပေါင်းသစ်နှင့်သစ်ထုတ်ကုန်တင်ပို့မှု၏ ၅၄ ရာခိုင်နှုန်းနီးပါးကိုတင်သွင်းကြောင်းထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံသို့ တင်ပို့မှုသည် တစ်လပြီးတစ်လတည်ငြိမ်စွာ မြင့်တက်လျက်ရှိကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံ သစ်နှင့်သစ်တောထုတ်ကုန်များအသင်း၏ အတွင်းရေးမှူးချုပ်ဖြစ်သူ Ngo Sy Hoai ကအမေရိကန် နိုင်ငံစီးပွားရေးဦးစီးဌာန၏ ဗီယက်နမ်နိုင်ငံမှ သစ်ပရိဘောဂများအပေါ် တစ်ဖက်စောင်းနင်းဖြစ်သော အကောက်ခွန်ကောက်ခံမှုများနှင့် စုံစမ်းစစ်ဆေး

မှုများကို ဖျက်သိမ်းရန်ဆုံးဖြတ်ချက်ပါဝင်သော လတ်တလော တိုးတက်မှု အခြေအနေများသည် အမေရိကန်သစ်ထုတ်ကုန်များ အမေရိကန်ဈေးကွက်တွင် ဝေစုပိုရစေရေးအတွက် အဆင်ပြေချောမွေ့စေမည်ဟုမျှော်လင့်ကြောင်းပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နှင့်အမေရိကန်ကဲ့သို့သော တင်ပို့နေကြဖြစ်သောဈေးကွက်များအပြင် ဗီယက်နမ် သစ်တင်ပို့သူများသည် အိန္ဒိယနိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ တင်ပို့မှုသည်လည်းကြီးထွားလာကြောင်း ဖော်ပြခဲ့သည်ဟုသိရသည်။ ၂၀၂၄ ခုနှစ်၏ ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံသို့ သစ်တင်ပို့မှုများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ဘီလီယံရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်၏ တူညီသည့်ကာလထက် ၄၉ ဒသမ ၃ မြင့်တက်လာကြောင်း သိရသည်။ ကနေဒါနှင့်အိန္ဒိယသို့တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၁၃,၀၀၀နှင့် အမေရိကန်ဒေါ်လာ ၇၃,၀၀၀ရှိခဲ့ပြီး ၂၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၉၄ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်းသိရသည်။ သို့သော် သစ်လုပ်ငန်းအနေဖြင့် လတ်တလောနှစ်များအတွင်း တင်ပို့မှုတန်ဖိုးမြင့်တက်နေသော်လည်း ထပ်ဆောင်းတန်ဖိုး ထုတ်ကုန်များမှာ ဆက်လက်နိမ့်ကျနေကြောင်းသိရသည်။

ကျွမ်းကျင်သူများက ဗီယက်နမ်သစ်ထုတ်ကုန်များ၏ ၅ ရာခိုင်နှုန်းသာလျှင် ဒီဇိုင်းပုံစံရှိကြောင်းခန့်မှန်းခဲ့ကြသည်။ ဗီယက်နမ်နိုင်ငံလက်မှုပညာနှင့် သစ်လုပ်ငန်းအသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Phung Quoc Men က ဗီယက်နမ် သစ်လုပ်ငန်းများအနေဖြင့် ထုတ်ကုန်၏တန်ဖိုးနှင့် အကျိုးအမြတ်ရရှိမှုမြင့်တင်ရန်အတွက် ဒီဇိုင်းနှင့် ဆန်းသစ်တီထွင်မှုတို့တွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်ကြောင်း အကြံပြုခဲ့သည်။ တင်ပို့သည့်သစ်ထုတ်ကုန်များ၏ တန်ဖိုးဆက်လက်မြင့်တက်ရန်အတွက် သစ်ကုန်ကြမ်းများတင်ပို့မှုကိုလျှော့ချရန် နည်းပညာနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုတို့တွင်ရင်းနှီးမြှုပ်နှံသင့်ပြီး ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့်မွမ်းမံထားသော ထုတ်ကုန်များထုတ်လုပ်မှုကို ဦးစားပေးသင့်ကြောင်းသိရသည်။

Source: https://www.doca.gov.mm

Source: [https://myantrade.gov.mm/article/naypyitaw_16082024_1000](https://myantrade.gov.mm/article/naypyitaw_16082024_1000)

## ပြည်တွင်းကုန်သွယ်မှုသတင်း

### မန္တလေးတိုင်းဒေသကြီးမှ ကန်စွန်းဥများကို ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအနှံ့တင်ပို့နေရပြီး ဝယ်လိုအားများနေ

မန္တလေးတိုင်းဒေသကြီးမှ တစ်ဆင့်ခံပြန်လည်ရောင်းချသော ကန်စွန်းဥများကို ရန်ကုန်တိုင်းဒေသကြီး အပါအဝင် မြန်မာနိုင်ငံအနှံ့ တင်ပို့နေရပြီး ဝယ်လိုအားများနေကြောင်း သိရသည်။

လက်ရှိကာလမှာ ကန်စွန်းဥ စတင်ပေါများသည့်လဖြစ်ပြီး ကန်စွန်းဥတွင် ရွှေဝါကန်စွန်း၊ ခါကြက်ကန်စွန်း၊ ငချိပ် ကန်စွန်း ဟူ၍ သုံးမျိုးရှိရာ ယင်းတို့အနက် ခါကြက်ကန်စွန်းမှာ အချိုဆုံးဖြစ်သဖြင့် လူစားသုံးမှုပိုမိုများပြားကြောင်း သိရသည်။ မန္တလေးမှတစ်ဆင့် ရန်ကုန်၊ မော်လမြိုင်၊ သထုံ၊ မြစ်ကြီးနား၊ တောင်ငူစသည့်မြို့နယ်အစုံမှ မှာယူမှုများပြားနေကြောင်း သိရသည်။

“မှာယူမှုတွေကတော့ အဆက်မပြတ်ရှိတယ်။ ကန်စွန်းဥဈေးကနည်းနည်းကျနေတယ်၊ အများကြီး ကျတာတော့မဟုတ်ဘူး၊ ကန်စွန်းဥက ဆယ့်နှစ်ရာသီပေါ်တယ်။ တောင်ပေါ်ကန်စွန်းဆိုပြီး ပေါ်တဲ့နေရာလေးတော့ ကွဲတာပေါ့။ ရန်ကုန်၊ မော်လမြိုင်၊ သထုံ ဟိုဘက်ဆို မြစ်ကြီးနား၊ တောင်ငူ အစုံပို့ရတယ်” ဟု မန္တလေးမြို့ရှိ ကန်စွန်းဥ လက်လီ၊ လက်ကားရောင်းဝယ်ရေး လုပ်ကိုင်သူမှ ပြောသည်။

ထို့ပြင် ဟင်းခတ်မှုန့်၊ အချိုမှုန့် အစားထိုးကာ ကန်စွန်းဥအမှုန့်ကို အစားထိုးအသုံးပြုနေကြကြောင်းလည်း ကန်စွန်းဥ ရောင်းဝယ်ရေးဈေးကွက်အတွင်းမှ သိရသည်။

“ကန်စွန်းဥကို ဖြည့်စွက်အစာတို့၊ ဘာတို့လည်းလုပ်တယ်။ ပြီးတော့အချိုမှုန့်အနေနဲ့လည်း ကန်စွန်းဥအမှုန့်ကို အစားထိုးကြတယ်။ အခု ကြက်ကြော်တို့၊ ဘာတို့လုပ်တဲ့နေရာမှ ဟင်းချိုမှုန့်မသုံးဘဲ တချို့က ကန်စွန်းဥအချိုကို သုံးကြတာ။ ဟင်းခတ်မှုန့်အနေနဲ့သုံးကြတယ်” ဟု သိရသည်။ Source: မြန်မာ့အလင်းသတင်းစာ

## ပြည်ပကုန်သွယ်မှုသတင်း

### နိုင်ငံခြားဝင်ငွေရရှိနေသည့် မြန်မာ့ငါးရှဉ့် မျိုးဆက်ပြတ်လပ်မှုမရှိစေရန် မွေးမြူနိုင်မည့်နည်းလမ်းများအား သုတေသနပြု

သဘာဝရေပြင်မှ ထွက်ရှိသည့် ငါးရှဉ့်များ မျိုးဆက်ပြတ်လပ်မှုမရှိစေရန် ကန်စနစ်မွေးမြူမှုထက် သဘာဝတွင်မွေးမြူပါက ပိုမိုရှင်သန်ပွားများနိုင်မည့် သုတေသနစမ်းသပ်မှုကိုတွေ့ရှိထားပြီး အောင်မြင်သောမွေးမြူမှု ရလဒ်ကောင်းများရရှိနိုင်ရန်

ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ သုတေသနလုပ်ငန်း များကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

မိုးရာသီတွင် ငါးရှဥ့်များသားပေါက်၍ အများဆုံးထုတ်လုပ်တင်ပို့လေ့ရှိပြီး သဘာဝမှ ဖမ်းဆီးရရှိသော ငါးရှဥ့်များကို အရွယ်အစားခွဲခြားမှုမရှိဘဲ ရောင်းချမှုကြောင့် ငါးရှဥ့်မျိုးဆက်ပြတ်လပ်မှုကို ကြိုတင်ကာကွယ်နိုင်ရန် ဖမ်းဆီးရောင်းချသူများအား ဒိုင်များက အသိပညာပေးခြင်း၊ သဘာဝအတိုင်းဖမ်းဆီးရာတွင် ငါးရှဥ့်သားပေါက်များကို ပြန်လည်လွှတ်ပေးခြင်း၊ ကန်လှောင်မွေးမြူမှုထက် သဘာဝတွင်မွေးမြူသောစနစ်ကို တွင်ကျယ်စွာလုပ်ဆောင်ခြင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန် နည်းပညာဖြန့်ဝေပေးခြင်းတို့ကို ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"မြန်မာ့ငါးရှဥ့် မျိုးဆက်ပြတ်လပ်မှုမရှိအောင် ငါးရှဥ့်မွေးမြူမှုကို စမ်းသပ်လုပ်ဆောင်ပေမဲ့ နည်းစနစ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေရှိနေပါတယ်။ နောက်တစ်ခုက သဘာဝမှာမွေးမြူတာက ရှင်သန်နှုန်း ပေါက်ပွားနှုန်း ကောင်းမွန်တာကို သုတေသနပြုရထားတာရှိပါတယ်။ နှစ်စဉ် သဘာဝမှုရင်းဒေသမှာရှိနေတဲ့ ငါးရှဥ့်ပေါက်တွေ သန်းနဲ့ချီပြီး ဆုံးရှုံးနေရာမှာ သိန်းဂဏန်းပဲ သဘာဝမှာမွေးမြူသွားကြမယ်ဆိုရင် ဝယ်လိုအားရှိနေတဲ့ မြန်မာ့ငါးရှဥ့်ရဲ့ အနာဂတ်ဟာ ငါးရှဥ့်တောင်သူတွေရဲ့ လူမှုစီးပွားကို အထောက်အပံ့ကောင်းရရှိစေမှာပါ"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အနာဂတ်တွင် ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရန် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး လယ်ငါးရှဥ့်သားဖောက် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာရေးအတွက် ပညာရှင်များနှင့်တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် တောင်သူနည်းပညာဆွေးနွေးပွဲ များကို ကျင်းပပေးလျက်ရှိသည်။

ထို့ပြင် လယ်ငါးရှဥ့်များကို မျိုးစိတ်ခွဲခြားခြင်း၊ မျိုးငါးရှဥ့်ရွေးချယ်ခြင်း၊ ဆေးထိုးသားဖောက်ပြုလုပ်ခြင်း၊ မွေးမြူနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊ ငါးရှဥ့်သားပေါက်စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်း၊ မတူညီသော ဟော်မုန်းဆေးများဖြင့် ဆေးထိုးသားဖောက်၍ ဥချသားပေါက်မှုအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်း၊ လယ်ငါးရှဥ့်မျိုးစိတ်များ မျိုးပွားမှုဆိုင်ရာဇီဝဗေဒကို အခြေခံ၍ သားပေါက်ရာသီ၊ မြေဆီလွှာနှင့် မျိုးပွားမှုတို့ကို ပညာရှင်များ၊ သုတေသီများနှင့် ဆွေးနွေးအကြံပြုခြင်းနှင့်အတူ နိုင်ငံတော်ကချမှတ်ထားသည့် မွေးမြူရေး လုပ်ငန်း သုတေသနဆိုင်ရာ မူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ငါးရှဥ့်ငါးမွဲများကို ကမ္ဘာ့နိုင်ငံ ၁၈ နိုင်ငံသို့ နှစ်စဉ်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ ရရှိလျက်ရှိပြီး ယမန်နှစ်က မြန်မာနိုင်ငံမှ ပြည်ပသို့ မြန်မာ့ငါးရှဥ့် တန်ချိန် ၁၃,၀၀၀ ခန့် တင်ပို့နိုင်ခဲ့၍ ပြည်ပဝယ်လိုအားနှင့်အညီ တင်ပို့နိုင်ရန် အသင့်ရှိနေသည့်အတွက် ရေသယံဇာတကြွယ်ဝသော မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များ အနာဂတ်ကာလတွင် တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရေရှည်တွင် မြန်မာ့ငါးရှဥ့် မျိုးဆက်ပြတ်လပ်မှုမရှိစေရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ လက်တွဲ၍ဆောင်ရွက်လျက်ရှိပြီး ကန်လှောင်မွေးမြူမှုထက် သဘာဝမူရင်းဒေသတို့တွင် မွေးမြူပါက ပိုမိုရှင်သန်းထုတ်လုပ်နိုင်မှုကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သုတေသနပြုထားကြောင်း သိရသည်။

Source: မြန်မာ့အလင်းသတင်းစာ

## အထူးဆောင်းပါးများ

### နှောင့်နှေးလျက်ရှိသော လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်(FTA)ကို အပြီးသတ်ရန်နှင့် အဖွဲ့ဝင်နိုင်ငံအလိုက် ကုန်သွယ်ရေးဆိုင်ရာဦးစားပေးအချက်များကိုပြန်လည်သုံးသပ်အကဲဖြတ်ရန်အိန္ဒိယစီးပွားကူးသန်းဝန်ကြီးပြောကြား

မကြာသေးမီက အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တော်၌ကျင်းပပြုလုပ်ခဲ့သော ဘင်းမ်စတက်စီးပွားရေး ထိပ်သီးဆွေးနွေးပွဲ (BIMSTEC Business Summit)၏ဖွင့်ပွဲအခမ်းအနားတွင် အိန္ဒိယနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Shri Piyush Goyal က နှောင့်နှေးလျက်ရှိသော လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်(FTA)ကို အပြီးသတ်ရန်နှင့် အဖွဲ့ဝင်နိုင်ငံအလိုက် ကုန်သွယ်ရေးဆိုင်ရာ ဦးစားပေးအချက်များကို ပြန်လည်သုံးသပ်အကဲဖြတ်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း India Business & Trade သတင်းဝက်ဘ်ဆိုက်မှ ဩဂုတ်လ ၈ ရက်က ဖော်ပြသည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါ FTA ကိစ္စရေ့မတိုးဘဲ ရပ်တန့်နေရခြင်း၏နောက်ကွယ်မှ အကြောင်းရင်းများကို အကဲဖြတ်အဖြေရှာရန် လိုအပ်ကြောင်းနှင့် နိုင်ငံခုနစ်နိုင်ငံစလုံးနှင့်ကိုက်ညီသော အကြံပြုချက်များကို ဖော်ထုတ်ရန်လိုအပ်ကြောင်း ၎င်းက မီးမောင်းထိုးပြခဲ့သည်။

၂၀၂၄ ခုနှစ် ဘင်းမ်စတက်စီးပွားရေးထိပ်သီးဆွေးနွေးပွဲကို အိန္ဒိယအစိုးရပြည်ပရေးရာဝန်ကြီးဌာနနှင့် အိန္ဒိယစက်မှုအသင်းချုပ်(Confederation of Indian Industry–CII)တို့မှ ပူးပေါင်းစီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ကြားဖြတ်အစီအမံအနေဖြင့် ကုန်သွယ်မှုညှိနှိုင်းရေးကော်မတီနှင့် စီးပွားရေးအသိုက်အဝန်းတို့မှ ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန် ဦးစားပေးကုန်သွယ်မှုသဘောတူညီချက်ကိုရှာဖွေရန်၊ သို့မှသာ ဒေသတွင်းယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်နိုင်မည်ဟု ဝန်ကြီးကအကြံပြုခဲ့သည်။ BIMSTEC နိုင်ငံများအကြား ကုန်သွယ်မှုသည် လက်ရှိတွင်နည်းပါးလျက်ရှိပြီး ကုန်သွယ်ရေးလွယ်ကူချောမွေ့မှုနှင့် နယ်စပ်ဖြတ်ကျော်ကုန်စည်များ ရွေ့လျားမှုတိုးတက်ကောင်းမွန်လာစေရန် ပိုမိုပေါင်းစည်းမှုနှင့် အပြုသဘောဆောင်သော တုံ့ပြန်မှုများလိုအပ်ကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

ကုန်သွယ်မှုလိုငွေပြမှုကိုလျှော့ချရန်၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့်နည်းပညာကိုအသုံးပြု၍ အကောက်ခွန်လုပ်ငန်းစဉ်များပေါင်းစပ်ခြင်းအပါအဝင် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်စေရန် အစီအမံများစွာကို အဆိုပြုခဲ့သည်။ စီးပွားရေးလုပ်ဆောင်ရလွယ်ကူစေရန်အတွက် နယ်စပ်ထိန်းချုပ်မှုများကို ကွန်ပြူတာစနစ်များအသုံးပြုဆောင်ရွက်ခြင်းနှင့် သွင်းကုန်–ပို့ကုန်လျှောက်လွှာများကို ပိုမိုမြန်ဆန်စွာရှင်းလင်းဆောင်ရွက်ပေးခြင်းကို ထောက်ခံအားပေးခဲ့သည်။ ထို့ပြင် Shri Goyal သည် ထောက်ပံ့ရေး ကွင်းဆက်များအားကောင်းရန်၊ အကောက်ခွန်နှင့် အကောက်ခွန်မဲ့ အတားအဆီးများကို ဖယ်ရှားရန်၊ ချောမွေ့သော သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဆက်သွယ်မှုအတွက် နိုင်ငံတကာစံနှုန်းများကို ချမှတ်ရန်လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

BIMSTEC ဒေသအတွင်း ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းကို မောင်းနှင်ရာတွင် ဒေသတွင်း startup များနှင့် စွန့်ဦးတီထွင်သူများ၏ အလားအလာကို မီးမောင်းထိုးပြခဲ့သည်။ စားနပ်ရိက္ခာဖူလုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးကူညီရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းခဲ့သည်။

BIMSTEC အဖွဲ့ဝင်နိုင်ငံများတွင် ဝယ်လိုအားမြင့်မားလျက်ရှိသော သမုဒ္ဒရာထွက်ကုန်များနှင့် ဖွံ့ဖြိုးတိုးတက်သော အပြာရောင်စီးပွားရေး(blue economy)ရှိပြီး၊ အဏ္ဏဝါနှင့် ကမ်းရိုးတန်းဂေဟစနစ်များကို ကာကွယ်လျက် ဒေသတွင်း အသက်မွေးဝမ်းကျောင်းမှုနှင့် အလုပ်အကိုင်ဖန်တီးမှုတို့ကို မြှင့်တင်ပေးလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက မှတ်ချက်ပြုခဲ့သည်။ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရန်အတွက် စိုက်ပျိုးရေးနှင့် ဓာတ်သတ္တုထုတ်လုပ်မှုမြှင့်တင်ရာတွင် ဒေသတွင်း တန်ဖိုးကွင်းဆက်များ၏ အရေးပါမှုကို အလေးပေးဖော်ပြခဲ့သည်။

ပြည်တွင်းငွေကြေးများအသုံးပြုသော ကုန်သွယ်မှုကိုမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ယင်းသို့ ဆောင်ရွက်ရာ ဒေသတွင်းနိုင်ငံများကြား ဟန်ချက်ညီမှုရှိမရှိစစ်ဆေးရန် အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းခဲ့သည်။ စီးပွားရေးအသိုက်အဝန်းမှ အကြံပြုချက်များသည် နိုင်ငံရေးခေါင်းဆောင်များအား အသိဉာဏ်ဖြင့် ဆုံးဖြတ်ချက်များချရာတွင် အထောက်အကူဖြစ်စေကြောင်း ၎င်းကမှတ်ချက်ပြုခဲ့သည်။ CII အနေဖြင့် အဆိုပြုထားသော သဘောတူညီချက်အပေါ်ဆွေးနွေးမှုများကို ဦးဆောင်ရန်နှင့်လာမည့်နှစ်ထိပ်သီးအစည်းအဝေးတွင် ၎င်းတို့၏ အကြံပြုချက်များကို ပံ့ပိုးပေးရန် တိုက်တွန်းခဲ့သည်။

သီရိလင်္ကာ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့အပါအဝင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန်အတွက် FTA ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို စောစီးစွာနိဂုံးချုပ်ရန် လိုအပ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး Suchart Chomklip က BIMSTEC နိုင်ငံ ခုနစ် နိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ ၂၂ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး၊စုစုပေါင်း GDP အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ထရီလီယံ ရှိကာ နှစ်စဉ်ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း မှတ်ချက်ပြုခဲ့သည်။

ဘင်္ဂလားပင်လယ်အော်ကဏ္ဍပေါင်းစုံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (BIMSTEC) တွင် အဖွဲ့ဝင် ခုနစ်နိုင်ငံပါဝင်သည့် တောင်အာရှငါးနိုင်ငံ(ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ နီပေါ၊ အိန္ဒိယနှင့် သီရိလင်္ကာ)နှင့် အရှေ့တောင်အာရှနိုင်ငံ နှစ်နိုင်ငံ(မြန်မာနှင့်ထိုင်း)တို့ပါဝင်သည်။ အဆိုပါအဖွဲ့သည် BIMSTEC FTA ဆိုင်ရာ မူဘောင်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည့် ၂၀၀၄ ခုနှစ်မှစ၍ လွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်(FTA)ကိစ္စကို ညှိနှိုင်းနေခဲ့ခြင်းဖြစ်သည်။ ယခုအချိန်အထိ အဆိုပါသဘောတူညီချက်အတွက် ဆွေးနွေးပွဲ ၂၂ ကြိမ် ပြုလုပ်ထားပြီးဖြစ်ကာ နောက်ဆုံးဆွေးနွေးပွဲကို ၂၀၁၈ ၌ ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၃–၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ BIMSTEC နိုင်ငံများနှင့် စုစုပေါင်းကုန်သွယ်မှုသည် အမေရိကန် ဒေါ်လာ ၄၄ ဒသမ ၃၂ ဘီလီယံရှိခဲ့သည်။ အဖွဲ့အစည်းအတွင်း ထိုင်းနိုင်ငံသည် အိန္ဒိယ၏အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၎င်းနောက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရပ်တည်လျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်မှ ၈ ရက်နေ့အထိ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဘင်းမ်စတက် စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

သို့ပါ၍ အဆိုပါဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် အိန္ဒိယနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Shri Piyush Goyal က နှောင့်နှေးလျက်ရှိသော လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် (FTA)ကိစ္စ အဖွဲ့ဝင်နိုင်ငံများအကြား သုံးသပ်အဖြေရှာရန်နှင့် အမြန်ဆုံးအပြီးသတ်ရန်၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများ လွယ်ကူချောမွေ့စေရန်၊ အလုပ်လုပ်ကိုင်ရန် လွယ်ကူမှုရှိရန်၊ ပြည်တွင်းငွေကြေးများအသုံးပြုသော ကုန်သွယ်မှုကိုမြှင့်တင်ရန်နှင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ပူးပေါင်း ဆောင်ရွက်မှုပိုမိုမြှင့်တင်ရန်တို့ကို အလေးပေးပြောကြားခဲ့သည်။

ရည်ညွှန်း။ India Business & Trade, India urges BIMSTEC group members to relook proposed FTA, August 8, 2024 , (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15082024_14:29

# ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၄၊ ဩဂုတ်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၃.၉.၂၀၂၄) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စပေါင်း | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | - | 110000-120000 |
| မြောင်းမြ | 80000-85000 | 110000-120000 |
| ဒေးဒရဲ | 82000-87000 | 110000-120000 |
| ဝါးခယ်မ | 80000-85000 | 100000-110000 |
| ဘိုကလေး | 80000-85000 | 100000-110000 |
| မော်လမြိုင်ကျွန်း | 80000-85000 | 100000-110000 |
| လပွတ္တာ | - | 100000-110000 |
| ကျိုက်လတ် | 80000-85000 | 100000-110000 |
| ဘုရင့်နောင် | 80000-85000 | 140000-145000 (ရွှေဘိုပေါ်ဆန်း) |

Source: MRF

### ၂၀၂၄၊ ဩဂုတ်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 5.8.2024 | 1650-1700 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 |
| 2 | 12.8.2024 | 1650-1700 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 |
| 3 | 19.8.2024 | 1700-1850 | 1650-1800 | 1600-1750 | 1550-1700 | 1500-1650 |
| 4 | 26.8.2024 | 1800-1950 | 1750-1900 | 1700-1850 | 1650-1800 | 1600-1750 |

Source: MRPPA

## ၂၀၂၄၊ ဩဂုတ်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွဲနီ(ရှယ်) | | | ညှော့မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 2 | 2.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 3 | 5.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 4 | 6.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 5 | 7.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 6 | 8.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 7 | 9.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 8 | 12.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 9 | 13.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 10 | 14.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 11 | 15.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 12 | 16.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 13 | 19.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 14 | 20.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 15 | 21.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 16 | 22.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 17 | 23.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 18 | 26.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 19 | 27.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 20 | 28.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 21 | 29.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |
| 22 | 30.8.2024 | 120000 | 115000 | 110000 | 103000 | 100000 | 95000 | 68000 | 67000 | 66000 | 72000 | 71000 | 70000 |

Source: Myanmar Rice

## ၂၀၂၄၊ ဩဂုတ်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.8.2024 | 2100.0 | 58.946 | 289.90 | 1569.4 | 25.076 | 1402.8 |
| 2 | 2.8.2024 | 2100.0 | 59.398 | 291.20 | 1576.3 | 25.076 | 1409.0 |
| 3 | 5.8.2024 | 2100.0 | 59.634 | 295.01 | 1590.8 | 25.055 | 1476.6 |
| 4 | 6.8.2024 | 2100.0 | 59.263 | 293.97 | 1584.1 | 25.017 | 1449.8 |
| 5 | 7.8.2024 | 2100.0 | 58.997 | 292.33 | 1583.2 | 25.013 | 1431.8 |
| 6 | 8.8.2024 | 2100.0 | 59.364 | 293.14 | 1586.3 | 25.012 | 1437.8 |
| 7 | 9.8.2024 | 2100.0 | 59.532 | 292.72 | 1586.8 | 25.016 | 1426.3 |
| 8 | 12.8.2024 | 2100.0 | 59.532 | 292.45 | 1585.0 | 25.010 | 1425.7 |
| 9 | 13.8.2024 | 2100.0 | 59.735 | 292.84 | 1586.8 | 25.009 | 1421.3 |
| 10 | 14.8.2024 | 2100.0 | 60.043 | 293.80 | 1595.6 | 25.013 | 1426.9 |
| 11 | 15.8.2024 | 2100.0 | 60.009 | 293.32 | 1593.8 | 25.014 | 1425.7 |
| 12 | 16.8.2024 | 2100.0 | 59.957 | 292.99 | 1591.8 | 25.010 | 1413.0 |
| 13 | 19.8.2024 | 2100.0 | 60.967 | 294.06 | 1602.4 | 25.021 | 1437.7 |
| 14 | 20.8.2024 | 2100.0 | 61.412 | 294.06 | 1605.8 | 25.070 | 1434.1 |
| 15 | 21.8.2024 | 2100.0 | 61.278 | 294.28 | 1605.6 | 25.021 | 1437.4 |
| 16 | 22.8.2024 | 2100.0 | 61.126 | 294.15 | 1605.8 | 25.013 | 1441.0 |
| 17 | 23.8.2024 | 2100.0 | 61.287 | 294.22 | 1605.3 | 25.025 | 1439.2 |
| 18 | 26.8.2024 | 2100.0 | 61.819 | 294.99 | 1612.2 | 25.036 | 1460.3 |
| 19 | 27.8.2024 | 2100.0 | 61.593 | 294.58 | 1609.1 | 25.018 | 1446.8 |
| 20 | 28.8.2024 | 2100.0 | 61.792 | 294.59 | 1610.9 | 25.011 | 1454.5 |
| 21 | 29.8.2024 | 2100.0 | 61.792 | 295.52 | 1613.0 | 25.038 | 1451.3 |
| 22 | 30.8.2024 | 2100.0 | 61.883 | 296.06 | 1612.0 | 25.040 | 1477.3 |

Source: Central Bank of Myanmar

## ၂၀၂၄၊ ဩဂုတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2024 | | (ထိပ်စ) | | |
| 1 | 1.8.2024 | 3710000 | 4430000 | 1837200–2042300 | 2602700 | – | 4204100 |
| 2 | 2.8.2024 | 3390000 | 4352000 | 1837200–2042300 | 2602700 | – | 4204100 |
| 3 | 5.8.2024 | 3424000 | 4325000 | 1837200–2042300 | 2602700 | – | 4204100 |
| 4 | 6.8.2024 | 3420000 | 4282000 | 1837200–2042300 | 2602700 | – | 4204100 |
| 5 | 7.8.2024 | 3425000 | 4436000 | 1837200–2042300 | 2602700 | – | 4100000 |
| 6 | 8.8.2024 | 3484000 | 4550000 | 1886200–2042300 | 2602700 | – | 4100000 |
| 7 | 9.8.2024 | 2591000 | 4600000 | 1938200–2400600 | 2602700 | – | 4100000 |
| 8 | 12.8.2024 | 3628000 | 4600000 | 1938200–2400600 | 2602700 | – | 4100000 |
| 9 | 13.8.2024 | 3793000 | 4725000 | 1938200–2400600 | 2651600 | – | 4100000 |
| 10 | 14.8.2024 | 3807000 | 4800000 | 1938200–2400600 | 2651600 | – | 4100000 |
| 11 | 15.8.2024 | 3784000 | 4790000 | 1938200–2400600 | 2651600 | – | 4100000 |
| 12 | 16.8.2024 | 3692000 | 4725000 | 1990300–2400600 | 2651600 | – | 4100000 |
| 13 | 19.8.2024 | 3763000 | 4772000 | 1990300–2400600 | 2651600 | – | 4100000 |
| 14 | 20.8.2024 | 3755000 | 47520000 | 1990300–2400600 | 3110900 | – | 4100000 |
| 15 | 21.8.2024 | 3711000 | 4637000 | 1990300–2400600 | 3110900 | – | 4100000 |
| 16 | 22.8.2024 | 3730000 | 4700000 | 1990300–2449600 | 3110900 | – | 4100000 |
| 17 | 23.8.2024 | 3758000 | 4750000 | 1990300–2449600 | 3110900 | – | 4100000 |
| 18 | 26.8.2024 | 3831000 | 4850000 | 1990300–2449600 | 3110900 | – | 4100000 |
| 19 | 27.8.2024 | 3925000 | 5065000 | 1990300–2553700 | 3110900 | – | 3726400 |
| 20 | 28.8.2024 | 3904000 | 5130000 | 1990300–2553700 | 3110900 | – | 3726400 |
| 21 | 29.8.2024 | 3885000 | 5050000 | 1990300–2553700 | 3110900 | – | 3726400 |
| 22 | 30.8.2024 | 3993000 | 5225000 | 1990300–2553700 | 3110900 | – | 3726400 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဩဂုတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.8.2024 | 3359000–3469200 | 3449600–2553700 | 2856800–3013000 | 2856800–3062000 | 881800–894100 |
| 2 | 2.8.2024 | 3359000–3469200 | 3449600–2553700 | 2856800–3013000 | 2856800–3062000 | 881800–894100 |
| 3 | 5.8.2024 | 3359000–3469200 | 3449600–2553700 | 2908900–3013000 | 3062000–3368100 | 881800–894100 |
| 4 | 6.8.2024 | 3359000–3469200 | 3449600–2553700 | 2908900–3013000 | 3062000–3368100 | 881800–894100 |
| 5 | 7.8.2024 | 3359000–3469200 | 3449600–2553700 | 2908900–3013000 | 3062000–3368100 | 894100–906300 |
| 6 | 8.8.2024 | 3359000–3469200 | 3449600–2553700 | 2908900–3013000 | 3368100–3573300 | 894100–906300 |
| 7 | 9.8.2024 | 3359000–3469200 | 2498600–2602700 | 2908900–3013000 | 3368100–3573300 | 894100–906300 |
| 8 | 12.8.2024 | 3359000–3469200 | 2498600–2602700 | 2908900–3013000 | 3570200–3778400 | 894100–906300 |
| 9 | 13.8.2024 | 3359000–3469200 | 2498600–2602700 | 2957800–3062000 | 3570200–3778400 | 967600–979800 |
| 10 | 14.8.2024 | 3359000–3469200 | 2550600–2602700 | 3009900–3114000 | 3570200–3778400 | 967600–979800 |
| 11 | 15.8.2024 | 3359000–3469200 | 2550600–2602700 | 3009900–3114000 | 3570200–3778400 | 967600–979800 |
| 12 | 16.8.2024 | 3359000–3469200 | 2550600–2602700 | 3009900–3114000 | 3570200–3778400 | 967600–979800 |
| 13 | 19.8.2024 | 3359000–3469200 | 2602700–2654700 | 3062000–3166100 | 3674300–3778400 | 967600–979800 |
| 14 | 20.8.2024 | 3359000–3469200 | 2651600–2706800 | 3163000–3267100 | 3674300–3778400 | 1059400–1071700 |
| 15 | 21.8.2024 | 3359000–3469200 | 2651600–2706800 | 3163000–3368100 | 3674300–3778400 | 1059400–1071700 |
| 16 | 22.8.2024 | 3359000–3469200 | 2651600–2706800 | 3264000–3573300 | 3674300–3778400 | 1059400–1071700 |
| 17 | 23.8.2024 | 3359000–3469200 | 2651600–2706800 | 3264000–3573300 | 3674300–3778400 | 1059400–1071700 |
| 18 | 26.8.2024 | 3359000–3469200 | 2651600–2706800 | 3264000–3573300 | 3674300–3778400 | 1059400–1071700 |
| 19 | 27.8.2024 | 3359000–3469200 | 2755800–2859900 | 3264000–3573300 | 3674300–3778400 | 1059400–1071700 |
| 20 | 28.8.2024 | 3359000–3469200 | 2755800–2859900 | 3368100–3674300 | 3674300–3778400 | 1059400–1071700 |
| 21 | 29.8.2024 | 3248700–3469200 | 2755800–2859900 | 3368100–3674300 | 3674300–3778400 | 1059400–1071700 |
| 22 | 30.8.2024 | 3248700–3469200 | 2755800–2859900 | 3368100–3674300 | 3674300–3778400 | 1059400–1071700 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၄ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.8.2024 to 2.8.2024 | 5.8.2024 to 9.8 .2024 | 12.8.2024 to 16.8.2024 | 19.8 .2024 to 23.8.2024 | 26.8.2024 To 30.8.2024 |
|---|---|---|---|---|---|---|
| မတ်ပဲ (2023-24 Crop) | FAQ | 935-945 | 925-935 | 895-905 | 860-870 | 860-870 |
| | SQ | 1025-1035 | 1015-1025 | 985-995 | 950-960 | 950-960 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1035-1055 | 1025-1045 | 995-1015 | 960-980 | 960-980 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1135-1155 | 1125-1145 | 1095-1115 | 1060-1080 | 1060-1080 |
| | အခွံပါအခြမ်း | 1035-1055 | 1025-1045 | 995-1015 | 960-980 | 960-980 |
| ပဲတီစိမ်း (2023-24 Crop) | FAQ (အညာ) | 700-710 | 700-710 | 700-710 | 700-710 | 700-710 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 850-860 | 850-860 | 830-840 | 830-840 | 830-840 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 810-820 | 810-820 | 790-800 | 790-800 | 790-800 |
| | ရွှေဝါအသေး (Under 3.5 mm) | 740-750 | 740-750 | 730-740 | 730-740 | 730-740 |
| ပဲတီစိမ်း (2023 -24 Crop) | FAQ ပဲနောက် | 690-700 | 680-690 | 700-710 | 700-710 | 700-710 |
| | SQ ပဲနောက် | 950-960 | 950-960 | 950-960 | 950-960 | 950-960 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 960-980 | 960-980 | 960-980 | 960-980 | 945-965 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 810-830 | 790-810 | 790-810 | 790-810 | 775-795 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 740-760 | 740-760 | 740-760 | 740-760 | 725-745 |
| ပဲစင်းငုံ(2023 -24 Crop) | အနီ | 1220-1230 | 1180-1190 | 1150-1160 | 1120-1130 | 1075-1085 |
| ပဲစင်းငုံ (2023-24 Crop) | အဖြူ(စစ်ကိုင်း) | 1180-1190 | 1140-1150 | 1110-1120 | 1080-1090 | 1035-1045 |
| | အခွံချွတ်အခြမ်း | 1520-1530 | 1480-1490 | 1450-1460 | 1420-1430 | 1375-1385 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 860-870 | 885-895 | 885-895 | 885-895 | 860-870 |
| | အခွံချွတ်အခြမ်း | 1110-1130 | 1135-1155 | 1135-1155 | 1135-1155 | 1110-1130 |
| ပဲလွန်းဖြူ | FAQ | 785-795 | 785-795 | 765-775 | 735-745 | 735-745 |
| | SQ | 850-860 | 850-860 | 830-840 | 800-810 | 800-810 |
| | အခွံချွတ်အခြမ်း | 915-935 | 915-935 | 895-915 | 865-885 | 865-885 |
| ပဲလွန်းနီ | FAQ | 660-670 | 660-670 | 640-650 | 640-650 | 640-650 |
| ပဲထောပတ် | FAQ | 1390-1400 | 1350-1360 | 1300-1310 | 1250-1260 | 1200-1210 |
| | အခွံချွတ်အခြမ်း | 1415-1435 | 1375-1395 | 1325-1345 | 1275-1295 | 1225-1245 |
| ပြောင်းဆန် | | 265-275 | 265-275 | 265-275 | 270-280 | 270-280 |
| နှမ်းဖြူ | | 1830-1840 | 1850-1860 | 1750-1760 | 1700-1710 | 1575-1585 |
| နှမ်းနက်(စမုန်) | | 2220-2230 | 2350-2360 | 2250-2260 | 2220-2230 | 2150-2160 |
| နှမ်းညို | | 1480-1490 | 1520-1530 | 1450-1460 | 1420-1430 | 1305-1315 |
| နှမ်းနက်(ရိုးရိုး) | | 1560-1570 | 1610-1620 | 1685-1695 | 1685-1695 | 1685-1695 |
| မြေထောက်ပဲ(အနီ)FAQ | | 1020-1030 | 1020-1030 | 1020-1030 | 970-980 | 970-980 |
| မြေထောက်ပဲ(အနီ)SQ | | 1170-1180 | 1170-1180 | 1170-1180 | 1120-1130 | 1120-1130 |
| မြေထောက်ပဲ(အဖြူ) | | 1255-1265 | 1255-1265 | 1255-1265 | 1205-1215 | 1205-1215 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 1020-1030 | 1020-1030 | 1020-1030 | 970-980 | 970-980 |
| ပဲယင်း(ဝါ) | | 520-530 | 520-530 | 520-530 | 520-530 | 520-530 |
| ပဲယင်း(နီ) | | 720-730 | 720-730 | 700-710 | 680-690 | 680-690 |
| ပဲကြီး | | 940-950 | 940-950 | 940-950 | 890-900 | 890-900 |
| ပဲကြီးအခွံချွတ်အခြမ်း | | 1060-1080 | 1060-1080 | 1060-1080 | 1010-1030 | 1010-1030 |
| Azuki (Small Red Bean) | | 1015-1025 | 1015-1025 | 1015-1025 | 965-975 | 965-975 |
| မြေပဲဆန် (လုံးဆန်) | | | 1500-1520 | 1640-1660 | | |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 31.7.2024 to 6.8.2024 | 7.8.2024 to 13.8.2024 | 14.8.2024 to 20.8.2024 | 21.8.2024 to 27.8.2024 | 28.8.2024 to 3.9.2024 |
|---|---|---|---|---|---|---|
| 1 | Myanmar White Rice 5% Broken | 530-535 | 530-535 | 525-530 | 515-520 | 505-510 |
| 2 | Myanmar White Rice 5% Broken (Well Milled Sortexed) | 535-540 | 535-540 | 530-535 | 520-525 | 515-520 |
| 3 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 550-555 | 550-535 | 530-535 | 520-525 | 515-520 |
| 4 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 535-540 | 535-540 | 525-530 | 515-520 | 510-515 |
| 5 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexd) | 525-535 | 525-535 | 520-525 | 510-515 | 505-510 |
| 6 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexd) | 500-510 | 500-510 | 500-510 | 500-510 | 500-505 |
| 7 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 490-500 | 490-500 | 485-495 | 475-485 | 475-485 |
| 8 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 540-545 | 540-545 | 535-540 | 520-525 | 515-520 |
| 9 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 535-540 | 535-540 | 530-535 | 515-520 | 510-515 |
| 10 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 525-535 | 525-535 | 525-530 | 510-515 | 505-510 |
| 11 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 500-510 | 500-510 | 500-510 | 500-510 | 500-505 |
| 12 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 540-545 | 540-545 | 530-535 | 520-525 | 515-520 |
| 13 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 535-540 | 535-540 | 525-530 | 515-520 | 510-515 |
| 14 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 525-535 | 525-535 | 520-525 | 510-515 | 505-510 |
| 15 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 500-510 | 500-510 | 500-510 | 500-510 | 500-505 |
| 16 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 540-545 | 540-545 | 535-540 | 520-525 | 515-520 |
| 17 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 535-540 | 535-540 | 530-535 | 515-520 | 510-515 |
| 18 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 525-535 | 525-535 | 525-530 | 510-515 | 505-510 |
| 19 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 500-510 | 500-510 | 500-510 | 500-510 | 500-505 |
| 20 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 490-500 | 490-500 | 485-495 | 475-485 | 475-485 |
| 21 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 580-590 | 580-590 | 580-590 | 580-590 | 570-580 |
| 22 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 540-545 | 540-545 | 535-540 | 520-525 | 515-520 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 535-540 | 535-540 | 530-535 | 515-520 | 510-515 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 525-535 | 525-535 | 525-530 | 510-515 | 505-510 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 500-510 | 500-510 | 500-510 | 500-510 | 500-505 |
| 26 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 635-645 | 635-645 | 640-650 | 640-650 | 640-650 |
| 27 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 630-635 | 630-635 | 630-640 | 630-640 | 630-640 |
| 28 | Myanmar Long Grain Parboiled Brown Rice 5% Broken (Well Milled Double Polished Sortexed) | 640-650 | 640-650 | 640-650 | 640-650 | 650-655 |
| 29 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 630-640 | 630-640 | 630-640 | 630-640 | 635-645 |
| 30 | Myanmar Glutinous Rice 5% Broken (Well Milled) | 555-565 | 555-565 | 555-565 | 555-565 | 555-565 |
| 31 | Myanmar Glutinous Rice 10 % Broken (Well Milled) | 545-555 | 545-555 | 545-555 | 545-555 | 545-555 |
| 32 | Myanmar Glutinous Rice 15 % Broken (Well Milled) | 535-545 | 535-545 | 535-545 | 535-545 | 535-545 |
| 33 | Myanmar Glutinous Rice 10 % Broken (Reasonable Well Milled) | 530-535 | 530-535 | 530-535 | 530-535 | 530-535 |
| 34 | Myanmar Brown Rice 10 % Broken | 455-465 | 455-465 | 455-465 | 455-465 | 455-465 |

**Source: MRF**

## ၂၀၂၄၊ ဩဂုတ်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 1.8.2024 | 78.55 | 80.72 | 248.20 | 2.06 | 241.55 |
| 2 | 2.8.2024 | 76.97 | 80.16 | 241.27 | 1.98 | 242.15 |
| 3 | 5.8.2024 | 72.45 | 75.80 | 228.62 | 1.91 | 228.59 |
| 4 | 6.8.2024 | 73.97 | 77.13 | 235.97 | 1.97 | 232.11 |
| 5 | 7.8.2024 | 73.36 | 76.61 | 231.31 | 2.04 | 230.11 |
| 6 | 8.8.2024 | 75.58 | 78.58 | 236.59 | 2.09 | 235.44 |
| 7 | 9.8.2024 | 76.19 | 79.09 | 239.94 | 2.15 | 236.38 |
| 8 | 12.8.2024 | 77.03 | 79.73 | 239.50 | 2.21 | 234.47 |
| 9 | 13.8.2024 | 79.55 | 81.72 | 243.20 | 2.17 | 240.00 |
| 10 | 14.8.2024 | 78.82 | 81.10 | 238.33 | 2.16 | 240.03 |
| 11 | 15.8.2024 | 77.17 | 79.90 | 231.85 | 2.22 | 237.06 |
| 12 | 16.8.2024 | 77.93 | 80.86 | 235.30 | 2.19 | 237.32 |
| 13 | 19.8.2024 | 76.28 | 79.40 | 230.56 | 2.11 | 232.15 |
| 14 | 20.8.2024 | 73.87 | 77.12 | 225.00 | 2.24 | 224.91 |
| 15 | 21.8.2024 | 74.04 | 77.06 | 224.35 | 2.20 | 226.54 |
| 16 | 22.8.2024 | 74.04 | 76.11 | 220.02 | 2.19 | 224.80 |
| 17 | 23.8.2024 | 72.98 | 77.19 | 224.32 | 2.06 | 227.00 |
| 18 | 26.8.2024 | 75.32 | 79.48 | 229.20 | 2.01 | 231.54 |
| 19 | 27.8.2024 | 77.17 | 81.26 | 228.87 | 1.96 | 234.80 |
| 20 | 28.8.2024 | 75.65 | 79.63 | 223.39 | 1.91 | 228.28 |
| 21 | 29.8.2024 | 74.64 | 78.68 | 221.23 | 2.12 | 223.26 |
| 22 | 30.8.2024 | 76.04 | 80.12 | 225.65 | 2.14 | 229.52 |

Source: Bloomberg Commodities

## ၂၀၂၄၊ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York | Yangon (YGEA) |
|---|---|---|---|---|
| 1 | 1.8.2024 | 2447 | 2451 | 4692.235 |
| 2 | 2.8.2024 | 2455 | 2460 | 4764.393 |
| 3 | 5.8.2024 | 2430 | 2433 | 4791.435 |
| 4 | 6.8.2024 | 2414 | 2418 | 4637.813 |
| 5 | 7.8.2024 | 2400 | 2404 | 4655.314 |
| 6 | 8.8.2024 | 2398 | 2402 | 4670.871 |
| 7 | 9.8.2024 | 2420 | 2426 | 4689.204 |
| 8 | 12.8.2024 | 2431 | 2435 | 4733.717 |
| 9 | 13.8.2024 | 2463 | 2468 | 4766.295 |
| 10 | 14.8.2024 | 2463 | 2469 | 4800.479 |
| 11 | 15.8.2024 | 2462 | 2465 | 4782.223 |
| 12 | 16.8.2024 | 2455 | 2460 | N/A |
| 13 | 19.8.2024 | 2506 | 2510 | N/A |
| 14 | 20.8.2024 | 2503 | 2508 | N/A |
| 15 | 21.8.2024 | 2521 | 2526 | N/A |
| 16 | 22.8.2024 | 2508 | 2511 | N/A |
| 17 | 23.8.2024 | 2498 | 2373 | N/A |
| 18 | 26.8.2024 | 2515 | 2519 | N/A |
| 19 | 27.8.2024 | 2509 | 2515 | N/A |
| 20 | 28.8.2024 | 2538 | 2522 | N/A |
| 21 | 29.8.2024 | 2522 | 2526 | N/A |
| 22 | 30.8.2024 | 2516 | 2520 | N/A |

**Source: Bullionvault, e trade Myanmar**